ညွန့်ပေါင်းသတင်းလွှာ

NCGUB

အမှတ် ၅၂
မတ် ၂၀၀၈

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ မှ ထုတ်ဝေသည်။

# ဂမ်ဘာရီ ခရီးသည်



ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီသည် ဇန်နဝါရီ (၃၁)ရက်မှ ဖေဖော်ဝါရီ (၃)ရက်အထိ ရန်ကုန်မြို့သို့လာရောက်ကာ နအဖ အရာရှိကြီးများ၊ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ဖေဖော်ဝါရီ (၁)ရက်တွင် နအဖပြန်ကြားရေးဝန်ကြီး ဗိုလ်ချုပ်ကျော်ဆန်း၊ နိုင်ငံခြားရေးဝန်ကြီး ဦးညဏ်ဝင်း၊ ဆက်ဆံရေးဝန်ကြီးဗိုလ်ချုပ်အောင်ကြည်တို့နှင့် တွေ့ဆုံခဲ့သည်။

မစ္စတာဂမ်ဘာရီနှင့်တွေ့ခွင့် အမြဲငြင်းပယ်ခံရသည့် တိုင်းရင်းသားပါတီများ၊ ဝါရင့်နိုင်ငံရေးသမားများကမူ ဂမ်ဘာရီသို့ အိတ်ဖွင့်ပေးစာ ပို့ထားကြသည်။ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် ပြောခွင့်ရပုဂ္ဂိုလ်စိုင်းလိတ်က *"အခုက ကတော့ မစ္စတာဂမ်ဘာရီအနေနဲ့ မြန်မာပြည်ရဲ့ နိုင်ငံရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးကို လုပ်မယ်ဆိုလို့ရှိရင် ပထမဦးစားပေးဆောင်ရွက်ဖို့လိုအပ်တာက ဒီမိုကရေစီအင်အားစုခေါင်းဆောင်တွေ၊ တိုင်းရင်းသားခေါင်းဆောင်တွေ၊ ယုံကြည်မှုကြောင့် ထိန်းသိမ်းခံထားရတဲ့ ရဟန်းရှင်လူ ပြည်သူအပေါင်းတွေကို အမြန်ဆုံးပြန်လွှတ်ပေးဖို့၊ အဲဒါကို ပထမတောင်းဆိုရမယ်။ ဒုတိယအဆင့်ကျမှ ပုဂ္ဂိုလ်စွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ အဖွဲ့အစည်းစွဲ၊ ဒီကိစ္စတွေကို ရှေ့တန်းမတင်တဲ့၊ ဖြူစင်တဲ့စိတ်ဓာတ်နဲ့ ပါဝင်သင့်ပါဝင်ထိုက်တဲ့ လူပုဂ္ဂိုလ်အားလုံး၊ အဖွဲ့အစည်းအားလုံး လွတ်လပ်စွာ ပါဝင်ဆွေးနွေးနိုင်တဲ့ အခင်းအကျင်းမျိုးကို တည်ဆောက်ပေးဖို့၊ တောင်းဆိုပေးဖို့ လိုအပ်တယ်။ အဲဒါကို အခုက မလုပ်ဘဲနဲ့ ဒီပြင်ကိစ္စကိုကြိုပြီး ခြေတလှမ်း လှမ်းမယ်ဆိုလို့ရှိရင် ဗမာပြည်ရဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးဟာ ဘယ်လိုမှအဆင်ပြေနိုင်မှာ မဟုတ်ဘူးလို့ ကျနော်တို့အနေနဲ့ အကြံပြုခြင်းဖြစ်ပါတယ်။"*

သခင်သိန်းဖေဦးဆောင်သည့် ဝါရင့်နိုင်ငံရေးသမားများအဖွဲ့ကလည်း နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရန်နှင့် ၂၀၁၀ ရွေးကောက်ပွဲမတိုင်မီ နိုင်ငံရေးဆွေးနွေးပွဲများ ဖြစ်လာအောင်လုပ်ပေးရန် မစ္စတာဂမ်ဘာရီသို့ စာရေးခဲ့သည်။

**အဲန်အယ်လ်ဒီနှင့် တွေ့ဆုံခြင်း**

ဖေဖော်ဝါရီ (၂)ရက်တွင် ဥက္ကဋ္ဌအပါအဝင် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် (၅)ဦးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ အစိုးရဧည့်ဂေဟာ၌ (၁၅)မိနစ်ခန့်တွေ့ပြီးနောက် မစ္စတာဂမ်ဘာရီနှင့် တနာရီခွဲကြာ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ဦးညဏ်ဝင်း။ ။ *ကျနော်တို့ အခုကဆွေးနွေးတာ*

(စာမျက်နှာ ၅ သို့)


ယခုလ ဖတ်စရာ

| | |
|---|---|
| သတင်းလွှာအာဘော် | |
| (နိုင်ငံနှင့် အမျိုးအတွက် အကျိုးရှိမရှိ) | ၂ |
| ကန်ထရိုက် လယ်ယာ | ၂ |
| ရွေးကောက်ပွဲ အရှုပ်ထုပ် | ၃ |
| ပိတ်ဆို့ခြင်း ပြဿနာ | ၃ |
| ညီညွတ်ရေး | ၃ |
| ညွန့်ပေါင်းအစိုးရ ရပ်တည်ချက် | ၄ |
| သူတို့ စကား | ၆ |
| ဖြစ်ရပ်မှန် | ၆ |
| မီးတောက်မီးလျှံများ | ၇ |
| မှဒိမ်းလိုင်စင် | ၇ |
| ခြော် ...နအဖ | ၈ |
| လူသတ် | ၁၀ |
| မင်းမဲ့ | ၁၀ |


# လူ့အခွင့်အရေး ခရီးသည်

**(ကင်တာနား နှင့် ဦးဝင်းတင်)**

၂၀၀၇ ခုနှစ်ကုန်ပိုင်း ပထမခရီးစဉ်အတွင်း နအဖစစ်အုပ်စုကို အကြံပြုခဲ့သည့် လူ့အခွင့်အရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများ တိုးတက်မှုရှိမရှိ စစ်ဆေးအကဲဖြတ်ရန် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စတာသောမတ်ကင်တာနားသည် ဖေဖော်ဝါရီ (၁၄)ရက်နေ့တွင် မြန်မာနိုင်ငံသို့ (၆)ရက်ကြာခရီးစဉ်အဖြစ် ဒုတိယအကြိမ် ရောက်ရှိလာသည်။ *"၂၀၁၀ ရွေးကောက်ပွဲမတိုင်ခင် စတင်ပြီးလိုက်နာကျင့်သုံးသင့်တဲ့ အခြေခံလူ့အခွင့်အရေး အချက် ၄ ချက်ကို မြန်မာအစိုးရကို ကျနော်တင်ပြခဲ့ပါတယ်။ ဒီအချက်တွေကတော့ နိုင်ငံရေးအကျဉ်းသားအားလုံး ပြန်လွှတ်ပေးဖို့၊ တရားမျှတပြီး လွတ်လပ်တဲ့ ဥပဒေစနစ်တခုကို ထူထောင်ဖို့၊ တပ်မတော်ကို ပြန်လည်ဖွဲ့စည်းဖို့နဲ့ လူ့အခွင့်အရေးနဲ့ ကိုက်ညီမှုမရှိတဲ့ နိုင်ငံတော်ဥပဒေတွေကို ပြန်လည်ပြင်ဆင်ရေးဆွဲဖို့ ဆိုတဲ့အချက်တွေဖြစ်ပါတယ်။"*

မစ္စတာကင်တာနားသည် ဖေဖော်ဝါရီ (၁၆)



ရက်တွင် ရန်ကုန် အင်းစိန်ထောင်သို့သွားပြီး ဒေါက်တာတင်မင်းထွတ်၊ ဦးညီပု၊ ကိုကျော်ကိုကို စသူတို့နှင့် တွေ့ပြီး ထောင်ဆေးရုံကိုပါ စစ်ဆေးကြည့်ရှုခဲ့သည်။

(စာမျက်နှာ ၅ သို့)

# “၂၀၁၀ ရွေးကောက်ပွဲသည် နိုင်ငံနှင့် အမျိုးအတွက် အကျိုးရှိ မရှိ”

မတ်လသို့ရောက်ခဲ့ပြန်ပြီ။ ဤ မတ်လတွင် ၁၉၄၅ ဖက်ဆစ်တော်လှန်ရေးသည်လည်းကောင်း၊ ၁၉၈၈ ဖုန်းမော်အရေးတော်ပုံသည်လည်းကောင်း ဖြစ်ပွားခဲ့သည်။ နောက်ထပ် မတ်လ၏သမိုင်းဝင်နေ့တနေ့ ရှိသေးသည်။ ၁၉၄၄ ခု မတ်လ (၁၃)ရက်နေ့ဖြစ်သည်။ မင်္ဂလာဒုံဗိုလ်သင်တန်းကျောင်းဆင်းပွဲ ကျင်းပခဲ့သည့် ထိုနေ့တွင် မြန်မာ့လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်းက သမိုင်းဝင်မိန့်ခွန်းတရပ် ပြောကြားခဲ့ဖူးသည်။

*“ဒီတပ်မတော်ဟာ လူတဦးတယောက်အတွက် တည်ထောင်ထားတာမဟုတ်၊ တနိုင်ငံလုံး တမျိုးသားလုံးအတွက်ဖြစ်တယ်။ ဒီ တပ်မတော်ဟာ တဖွဲ့တပါတီ လူတစုအတွက် တည်ထောင်ထားတာ မဟုတ်။ ဒီတပ်မတော်ဟာ ရေးအင်္ဂလိပ်လက်ထက်ကလို ကြေးစားတပ်မဟုတ်၊ နိုင်ငံနဲ့အမျိုးကို ကာကွယ်စောင့်ရှောက်ဖို့ နိုင်ငံနဲ့အမျိုးကို မ,တင်ပေးဖို့ဖြစ်တယ်။ ဒါကြောင့် ဒီတပ်မတော်ဟာ နိုင်ငံနဲ့အမျိုးရဲ့သစ္စာကို အမြဲစောင့်ရမယ်။... ဒါကြောင့် ငါတို့စောင့်တဲ့သစ္စာဟာ တကယ့်သစ္စာဖြစ်ရမယ်။ အပေါ်ယံသာဖြစ်တဲ့ သစ္စာမဖြစ်ရဘူး။ ဘယ်လိုစောင့်ရမလဲ၊ ယခုအခါ ရဲဘော်တို့ရဲ့အပေါ်မှာ နည်းလမ်းအတိုင်း အဆင့်ဆင့် ခန့်အပ်ထားတဲ့ အကြီးအမှူးအားလုံးဟာ ဒီနိုင်ငံ ဒီအမျိုးရဲ့ ကိုယ်စားတွေဘဲ။ အဲဒီကိုယ်စား နိုင်ငံနဲ့အမျိုးကို သစ္စာစောင့်ခြင်းဟာ ကိုယ့်နိုင်ငံနဲ့ကိုယ့်အမျိုးကို သစ္စာစောင့်တာဘဲ။ ဒီတော့ ရဲဘော်တို့မေးစရာစကားရှိတယ်။ တကယ်လို့ ဒီအကြီးအမှူးတွေထဲက ဘယ်သူဖြစ်ဖြစ် ကိုယ်ကျိုးငဲ့ပြီး လူမျိုးရဲ့အကျိုးနဲ့နိုင်ငံကို ဆန့်ကျင်တဲ့ အကြီးအမှူးတွေဟာ ကြာကြာမနေနိုင်ပါဘူး။ အချိန်တန်တဲ့အခါ ပြုတ်ကြမှာဘဲ။ ရာဇဝင်မှာကြည့်လို့ရှိရင် ဘယ်လောက်ကြီးတဲ့လူဖြစ်ဖြစ် မတရားလုပ်တဲ့အခါ ပြုတ်ကြတာချည်းဘဲ။ ဒီလို မတရားတဲ့အကြီးအမှူးတွေရှိရင် ရဲဘော်တို့ရဲ့အပေါ်မှာလဲတည်တယ်။ ဥပမာ၊ မတရားတဲ့အကြီးအမှူးတယောက် ဝတ္တရားနဲ့မဆိုင်တဲ့၊ နိုင်ငံနဲ့အမျိုးအကျိုးနဲ့မပတ်သက်တဲ့ အမိန့်မျိုးပေးတဲ့အခါ အမိန့်ဟာ နည်းကျမကျ၊ တရားမတရား၊ နိုင်ငံနဲ့အမျိုးမှာ အကျိုးရှိမရှိ ကြည့်ရမယ်။ ငါတို့စစ်တပ်ဟာ နိုင်ငံသူနိုင်ငံသားတွေကို ညှဉ်းဖို့မဟုတ်၊ လက်နက်အားကိုးတန်ခိုးပြဖို့မဟုတ်၊ စစ်တပ်ဟာ နိုင်ငံရဲ့အစေခံဖြစ်ရမယ်၊ နိုင်ငံဟာ စစ်တပ်ရဲ့အစေခံ မဖြစ်ရဘူး”* စသည်ဖြင့် ဗိုလ်ချုပ်အောင်ဆန်းက မိန့်မှာခဲ့ဖူးသည်။ ထိုစဉ်က တပ်မတော်သည် နိုင်ငံ့သစ္စာကို အမှန်တကယ်စောင့်သိခဲ့သောတပ်မတော် ဖြစ်သည့်အားလျော်စွာ ဖက်ဆစ်တော်လှန်ရေးကို ပြည်သူလူထုနှင့် အတူတကွ ပူးပေါင်းလက်တွဲ၍ အောင်ပွဲခံခဲ့ဖူးပေသည်။ လူထု၏ချစ်ခင်လေးစားမှုကို အထူးခံခဲ့ရပေသည်။

ယနေ့တပ်မတော်သည် ထိုအစဉ်အလာကောင်းများကို နင်းချေပစ်ခဲ့ပြီ။ ယနေ့တပ်သည် နိုင်ငံသူနိုင်ငံသားတို့ကို ညှဉ်းပန်းရုံမျှမကတော့၊ လုယက်သည်၊ မုဒိမ်းကျင့်သည်၊ သတ်ဖြတ်သည်၊ နိုင်ငံသူနိုင်ငံသားတို့ကို သူတို့၏ကျေးရွာများ သဖွယ်သဘောထားသည်။ ရန်သူသဖွယ် ဖိနှိပ်နင်းနှိမ်ထားသည်။ ယနေ့တပ်သည် ကြေးစားတပ်အဆင့်ပင်မရှိတော့၊ မာဖီးယားလူဆိုးဂိုဏ်းကြီးတခုနှင့် တူနေသည်။ ငြိမ်းချမ်းစွာ လူထုဆန္ဒထုတ်ဖော်ပြသမှုများအား စစ်တပ်က သွေးထွက်သံယို အကြမ်းဖက်ဖိနှိပ်သတ်ဖြတ်ခဲ့သည်။ စစ်ဗိုလ်ချုပ်ကြီးများက မိမိနိုင်ငံသားများအား အစုလိုက် အကြမ်းဖက်သတ်ဖြတ်မှုကြီးများကို ကျူးလွန်ခဲ့သည်။

အကျိုးဆက်မှာ လက်ရှိတပ်ကို လူထုက အော့နှလုံးနာနေသည်။ ယနေ့မြန်မာနိုင်ငံသည် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြေခံစားဝတ်နေရေး အဖက်ဖက်မှယိုယွင်းကျဆင်းကာ အထွေထွေအကျပ်အတည်းကြီး ဆိုက်ရောက်နေရသည်။ ယနေ့မြန်မာနိုင်ငံ၏ အမှန်တကယ်လိုအပ်ချက်မှာ အခြေခံလူ့အခွင့်အရေးများကို အာမခံနိုင်မည့် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ဖြစ်သည်။ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် စစ်တပ်က ဦးစွာလုပ်ဆောင်ရမည့်အချက်မှာ နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိ လွှတ်ပေးရပေမည်။ နိုင်ငံသားတိုင်းအား နိုင်ငံ့အရေးကိစ္စရပ်များတွင် ပါဝင်ခွင့်ပြုရမည်။ တိုင်းရင်းသားလူမျိုးများ အခြေချနေထိုင်ရာဒေသများတွင် ရန်လိုမှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်နေခြင်းကို ရပ်စဲရပေမည်။ တနိုင်ငံလုံး အပစ်အခတ်ရပ်ရန်လည်း လိုသည်။ ထို့ပြင် တိုင်းရင်းသားအားလုံး နိုင်ငံ့အရေးအရာများတွင် တန်းတူပါဝင်ခွင့်ပေးရမည်။

လက်ရှိအခြေအနေမှာ မြန်မာပြည်သူအများစုနှင့်တကွ ဒီမိုကရေစီအင်အားစုများ တိုင်းရင်းသားအင်အားစုများက စစ်အာဏာရှင်တို့အလိုကျ ရေးဆွဲထားသော နအဖ၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအားလုံးဝလက်မခံနိုင်ကြောင်း၊ ထိုဖွဲ့စည်းပုံကို အင်အားစုစုံစုံညီညီပါဝင်ကာ ပြန်လည်သုံးသပ်ခွင့်မပြုပါက၊ ၂၀၁၀ ရွေးကောက်ပွဲကိုလည်း လူထုက လက်ခံလိမ့်မည်မဟုတ်ကြောင်း၊ အသံများ ကျယ်ကျယ်လောင်လောင် ကြားနေရသည်။ ပြည်တွင်းပြည်ပရှိ တိုင်းရင်းသားအင်အားစုများ၊ ဒီမိုကရေစီအင်အားစုများက မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေး ဖြစ်ထွန်းလာရေးအတွက် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရန် စစ်အုပ်စုအား တိုက်တွန်းလျှက်ရှိသည်။

သို့ဖြစ်၍ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းလမ်းညွှန်ခဲ့သည့် “မတရားအကြီးအမှူး” နှင့် “နိုင်ငံနဲ့အမျိုးအကျိုး” ဆိုသည့်အချက်ကို ယနေ့တပ်မှူးတပ်သားအပေါင်းအနေဖြင့် ပြန်လည်စိစစ်သုံးသပ်ရန် အချိန်တန်ပြီဖြစ်ကြောင်း ညွန့်ပေါင်းသတင်းလွှာ က အထူးနှိုးဆော်လိုက်ရပေသည်။ ။

# ကန်ထရိုက်လယ်ယာ

နအဖစစ်အုပ်စုက သက်ဆိုင်ရာတိုင်း စစ်ဌာနချုပ်များနှင့် ဒေသခံတောင်သူလယ်သမားများ ပူးပေါင်းဆောင်ရွက်မှုဟု အမည်ပေးထားသည့် ကန်ထရိုက်လယ်ယာစနစ်ကို ဦးတေဇပိုင် ထူးကုမ္ပဏီ၊ ဘိန်းဘုရင်လော်စစ်ဟန်သား ဦးထွန်းမြင့်နိုင်ပိုင် အေးရှားဝေါလ်ကုမ္ပဏီ၊ ဦးဌေးမြင့်ပိုင် ယုဇနကုမ္ပဏီ၊ UMFCCI ဥက္ကဌ ဦးဝင်းမြင့်ပိုင် ရွှေနဂါးမင်းကုမ္ပဏီ၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းဥက္ကဌ ဦးအောင်သန်းဦးပိုင် ပင်လယ်ကိုးသွယ်ကုမ္ပဏီ၊ ဦးဝင်းအောင်ပိုင် ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီ စသည့်အလိုတော်ရိကုမ္ပဏီများဖြင့် အကောင်အထည်ဖော်ရန် စီစဉ်ထားသည်။

ကန်ထရိုက်လယ်ယာစနစ်အရ ပုဂ္ဂလိကကုမ္ပဏီများက မျိုးစပါး၊ ဒီဇယ်၊ လုပ်သားစရိတ်၊ မီးရရှိရေး၊ ရေရရှိရေး အပါအဝင် စိုက်ပျိုးစရိတ်အဝဝကို ကျခံပြီး ဒေသခံတောင်သူလယ်သမားများက လုပ်အားစိုက်ထုတ်ကာရရှိလာသည့် အကျိုးအမြတ်အပေါ် ၆၀ ရာခိုင်နှုန်း၊ ၄၀ ရာခိုင်နှုန်း ခွဲဝေမည်ဟု သဘောတူစာချုပ်များ ချုပ်ဆိုခဲ့သည်။

လှည်းကူးမြို့နယ် ဘားလားစံပြကျေးရွာ၊ မှော်ဘီနှင့် မင်္ဂလာဒုံမြို့နယ်များတွင် ကန်ထရိုက်စနစ်ဖြင့် စပါးကေ သုံးထောင်စိုက်ပျိုးမည့် မြင့်အောင်မြတ်ကုမ္ပဏီကမူ လယ်သမားများအား လယ်ဟာခ တကေ စပါး ၅ တင်းနှုန်းပေးပြီး မြေသြဇာနှင့်အခြားသွင်းအားစုများ ပံ့ပိုးပေးမည်၊ လယ်သမားများဘက်က မျိုးစပါး၊ လယ်ထွန်စက်၊ လုပ်အားစသည်တို့ စိုက်ထုတ်ရမည်၊ အမြတ်ကို တဝက်စီခွဲဝေယူမည်ဟုဆိုသည်။ ဤကန်ထရိုက်စနစ်ကို လက်မခံလျှင် လယ်ယာမြေကို အစိုးရက ပြန်သိမ်းမည်ဟု နအဖတိုင်းစစ်ဌာနချုပ်များက လယ်သမားများကို ခြိမ်းခြောက်နေသည်။ ♦

**အမှားပြင်ဆင်ချက်**

ယခင်လထုတ် ညွန့်ပေါင်းသတင်းလွှာ အမှတ် ၅၁ စာမျက်နှာ ၁ မှ အိုင်ယာလန်ညီလာခံသတင်းပါ အမျိုးသားညွန့်ပေါင်းအစိုးရ ဝန်ကြီးချုပ်ရွေးကောက်ပွဲတွင် ဒေါက်တာစိန်ဝင်းက ၂၂ မဲ၊ ဦးသိန်းဦးက ၁၀ မဲ ဟု ပြင်ဆင်ဖတ်ရှုပါရန်။ ♦

သတင်းများကို ဒီဗွီဘီ၊ ဗွီအိုအေ၊ အာအက်ဖ်အေ၊ ဘီဘီစီ၊ ခေတ်ပြိုင်၊ ရိုးမ၃၊ FBR ၊ IMNA ၊ နိရဥ္စရာ၊ မဇ္ဈိမ၊ ရောဝတီ၊ ရှမ်းသံတော်ဆင့်၊ ကန္တာရဝတီတိုင်းမ်၊ ပြည်တွင်းသတင်းဂျာနယ်များနှင့် အင်တာနက်တို့မှ ရယူပါသည်။

# ညီညွတ်ရေး




ပြည်ပရောက်ဒီမိုကရေစီရရှိရေး ဆောင်ရွက်သူများအချင်းချင်း ညီညီညွတ်ညွတ် ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ကြပါရန် နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေး အင်္ဂါနေ့ဝတ်ပြုဆုတောင်းသူများက ဖေဖော်ဝါရီ (၁၁) ရက်တွင် မေတ္တာရပ်ခံတောင်းဆိုလိုက်သည်။ နအစစ်အစိုးရကို ကုလသမဂ္ဂမှဖယ်ရှားရေး၊ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ၏ အစိုးရဖွဲ့စည်းရေးလှုပ်ရှားမှု၊ အမျိုးသားညွှန့်ပေါင်းအစိုးရ ပြန်လည်ဖွဲ့စည်းမှု စသည့်ကိစ္စများအပေါ် မကျေမလည်မှုများ၊ ငြင်းခုန်သံများ မီဒီယာများမှတဆင့် ကျယ်ကျယ်ပြန့်ပြန့်ကြားသိရပြီးနောက် ယခုလိုတောင်းဆိုတိုက်တွန်းလာခြင်းဖြစ်သည်။

*"ပြည်တွင်းပြည်ပ ဒီမိုကရေစီရေးအတွက် အားလုံးလှုပ်ရှားနေတာဖြစ်လို့ ပြည်တွင်းမှာလဲ ညီညွတ်ဖို့လိုသလို၊ ပြည်ပမှာလဲ ညီညွတ်ဖို့လိုပါတယ်"* ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအမျိုးသမီးလုပ်ငန်းအဖွဲ့ဝင် ဒေါ်အေးအေးမာက ပြောသည်။ *"ကျမတို့ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ပြောထားတဲ့စကား ရှိပါတယ်။ ညီညွတ်မှုရှိရင် သစ္စာရှိမှု ပိုအားကောင်းတယ်၊ အောင်ပွဲမြန်မြန်ရတယ်လို့ သူကပြောထားပါတယ်ရှင့်။ ဒေါ်အောင်ဆန်းစုကြည်ပြောခဲ့တဲ့ မိန့်ခွန်းတွေ၊ စကားတွေ၊ ကျမတို့ဒီမိုကရေစီလိုလားတဲ့သူတွေက အားလုံးလိုလို လိုက်နာမှုမရှိကြပါဘူး။ ညီညွတ်မှုရှိအောင်လို့တော့ ပါးစပ်ကပြောတယ်၊ သစ္စာရှိမှုတို့ ပါးစပ်ကပြောတယ်၊ ဒါပေမဲ့ လက်တွေ့မှာတော့ တခြားစီဖြစ်နေတယ်။ ကျမတို့ပြည်တွင်းမှာသာမက ပြည်ပမှာရှိတဲ့လူတွေက ပိုပြီးတော့ လွတ်လွတ်လပ်လပ်လုပ်ရတော့ ကျမတို့ခေါင်းဆောင်ရဲ့စကား၊ ညီညွတ်မှုနဲ့ သစ္စာရှိမှုကို ပိုပြီးတော့လုပ်ပြီးတော့ ကိုယ့်ရဲ့အောင်ပွဲရအောင်လုပ်နိုင်ပါစေလို့ ကျမတို့ဆုတောင်းပါတယ်။"*

မိတ္ထီလာမြို့နယ် အဲန်အယ်လ်ဒီအတွင်းရေးမှူး ဒေါ်မြင့်မြင့်အေးကလည်း *"ပြည်တွင်းက နိုင်ငံရေးလှုပ်ရှားသူတွေထက် ပြည်ပအခြေပြုလှုပ်ရှားသူတွေက*

(စာမျက်နှာ ၇ သို့)

# ရွေးကောက်ပွဲသစ် သုံးသပ်ချက်

ရွေးကောက်ပွဲသစ်သည် နိုင်ငံတကာက လေးစားသည့်ရွေးကောက်ပွဲ ဖြစ်သင့်သည်ဟု ကုလသမဂ္ဂအထူးကိုယ်စားလှယ် အီဘရာဟင်ဂမ်ဘာရီနှင့် ဂျပန်အစိုးရတို့ ဖေဖော်ဝါရီ (၁၂)ရက်နေ့က ပူးတွဲကြေညာချက်ထုတ်ပြန်ခဲ့ခြင်းအပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အထူးစိုးရိမ်ကြောင်း (၁၉)ရက်နေ့တွင် ကြေညာလိုက်သည်။

ဂမ်ဘာရီ၏ပြောဆိုချက်သည် *"မြန်မာ့နိုင်ငံရေးပြောင်းလဲတိုးတက်ရေးအတွက်၊ မဲဆန္ဒရှင်ပြည်သူများကိုယ်စား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အလေးအနက်တင်ပြချက်နှင့်လည်းကောင်း၊ ကုလသမဂ္ဂအထွေထွေ ညီလာခံအသီးသီး၏ ဆုံးဖြတ်ချက်များဖြစ်သော ၁၉၉၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲရလဒ်ကို လေးစားလိုက်နာရေးဟူသောအချက်နှင့်လည်းကောင်း ညီညွတ်ခြင်းမရှိပါသဖြင့် အထူးစိုးရိမ်မိပါသည်"* ဟု အဖွဲ့ချုပ်က ဖော်ပြထားသည်။

ဖေဖော်ဝါရီ (၂၀)ရက်က လုံခြုံရေးကောင်စီကြားနာပွဲတွင် အထူးကိုယ်စားလှယ် ဂမ်ဘာရီက မြန်မာပြည်တွင် သိသာထင်ရှားသည့် နိုင်ငံရေးတိုးတက်မှုမရှိ ဟုတင်ပြပြီးနောက် လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံအချို့က ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မြန်မာနိုင်ငံကိုသွားရေးမသွားရေး ကိုယ်တိုင်ဆုံးဖြတ်ရတော့မည်ဟု မှတ်ချက်ပြုခဲ့ကြသည်။

၉၀ ခုနှစ်ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာ (၆၇)နေရာရထားသည့် တိုင်းရင်းသားနိုင်ငံရေးပါတီ (၁၂)ပါတီဖြင့် ဖွဲ့စည်းထားသော ညီညွတ်သောတိုင်းရင်းသားလူမျိုးများမဟာမိတ်အဖွဲ့ UNA က နအဖအနေဖြင့် နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်မပေးသရွေ့ အခြေခံဥပဒေ ပြန်လည်သုံးသပ်ပြင်ဆင်မပေးသရွေ့ ၂၀၁၀ ရွေးကောက်ပွဲကို လက်မခံကြောင်း ဖေဖော်ဝါရီ (၂၀)ရက်တွင် အတိအလင်းကြေညာလိုက်သည်။ ♦

# စိတ်ဆိုးခြင်း ပြဿနာ



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဖေဖော်ဝါရီ (၁၇)ရက်တွင် အထူးကြေညာချက်တရပ်နှင့် ဖေဖော်ဝါရီ (၂၃)ရက်တွင် ယင်းကြေညာချက်အတွက် ပြင်ဆင်ချက်တရပ်ကို ထုတ်ပြန်ခဲ့ရာ နအဖထိပ်သီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တို့ နှစ်ဖက်ကြိုတင်စည်းကမ်းသတ်မှတ်ချက်မထားဘဲ အမြန်ဆုံးတွေ့ဆုံဆွေးနွေးရန် တောင်းဆိုထားပြီး တိုင်းပြည်နှင့် ပြည်သူလူထုအတွက် အကျိုးမရှိဟု "နအဖကြေညာချက် ၁/၂၀၀၇ က ဆိုသော" ထိပ်တိုက်ရင်ဆိုင်ရေး၊ အလုံးစုံပျက်သုဉ်းရေး၊ စီးပွားရေးဖြတ်တောက်ရေး၊ အလုံးစုံပိတ်ဆို့ရေးကိစ္စများ ဖြေရှင်းရေးအတွက် နှစ်ဦးနှစ်ဘက် ပူးပေါင်းဆောင်ရွက်ကြရန် ကမ်းလှမ်းခဲ့သည်။ အဖွဲ့ချုပ်သည် သူ့မနာကိုယ်မနာလမ်းစဉ်ဖြင့် အလျော့အတင်းလုပ်၍ တွေ့ဆုံဆွေးနွေးကြရန် အမြဲကြိုးပမ်းနေသော်လည်း နအဖဘက်မှ အကောင်အထည်ဖော်ပေးခြင်းမရှိဟု ဖော်ထုတ်ဖွင့်ချထားသည်။

တနည်းအားဖြင့်ဆိုရလျှင် စီးပွားရေးပိတ်ဆို့မှုသည် ပြည်သူအတွက်အကျိုးမရှိ ဆိုသော စကားမှာ နအဖ၏ အာဘော်သက်သက်သာဖြစ်ပြီး အဖွဲ့ချုပ်အနေဖြင့် စီးပွားရေးပိတ်ဆို့မှုကို လက်မခံသည့်သဘော မဟုတ်ကြောင်း ရှင်းရှင်းလင်းလင်းဖြစ်အောင် ပြင်ဆင်ချက်ကို ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

စင်္ကာပူနိုင်ငံအခြေစိုက် စီးပွားရေးပညာရှင် ဒေါက်တာခင်မောင်ကြည်က *"အာဏာရှိတဲ့သူတွေက လက်ဝါးကြီးအုပ်စနစ်ကျင့်သုံးပြီးတော့ အုပ်ချုပ်နေတာဗျ။ ခုနပြောတဲ့ချုပ်ချယ်မှုတွေ ရုပ်သိမ်းပေးပါဆိုတာက၊ ရောင်းနေတဲ့ပစ္စည်းတွေကို ပိုင်ဆိုင်ထားတဲ့သူတွေက ခုနအာဏာရှိတဲ့ပုဂ္ဂိုလ်တို့ဘဲဖြစ်ပါတယ်။ နိုင်ငံခြားနဲ့ ဆက်သွယ်မှုက သာမန်လူတွေထဲမှာ တော်တော်လေးနည်းနေပါသေးတယ်။ ကျောက်သံပတ္တမြားတို့ဆိုတာက အာဏာရှိတဲ့သူတွေကဘဲ ရောင်းနေတာ။ အဲသူတို့ဘဲ ထိခိုက်တာပေါ့"* ဟုသုံးသပ်သည်။ ဒေါက်တာ ခင်မောင်ကြည်က စီးပွားရေးဒဏ်ခတ်မှုသည် စစ်အစိုးရနှင့်အတူ ၎င်းတို့နှင့်ရင်းနှီးသော စီးပွားရေးလုပ်ငန်းရှင်များပါ ထိခိုက်စေသည်ဟု ထောက်ပြသည်။

*"စီးပွားရေးအပြစ်တွေကို ရုပ်သိမ်းခဲ့လို့ရှိရင် ပစ္စည်းပိုင်ဆိုင်မှုအားလုံးက အာဏာရှိသူတွေကဘဲ ပိုင်ဆိုင်နေတာဆိုတော့ ဘာမှတော့ အပြောင်းအလဲမရှိဘူး၊ သူတို့ဘဲ အကျိုးရှိမှာဘဲ။ သို့သော် ဗမာပြည်ကို ဈေးကွက်စနစ်နဲ့ စနစ်တကျ ပီပီပြင်ပြင် ပြန်လုပ်ပါ့မယ်၊ လူတွေလဲ လွတ်လပ်စွာရောင်းဝယ်ခွင့် အကုန်လုံးကိုပေးပါတယ်၊ ခုနက အာဏာရှိသူတစုက ဒီအခွင့်အရေးတွေကိုသုံးပြီးတော့ အရောင်းအဝယ်လုပ်နေမယ်ဆိုတာ မရှိတော့ပါဘူးလို့ ဆုံးဖြတ်ပြီးတော့ ဈေးကွက်စနစ်ကို ပြန်သွားမယ်ဆိုရင် တိုင်းပြည်ကြီးပွားနိုင်ပါတယ်။"* ♦

# အမျိုးသားညွန့်ပေါင်းအစိုးရ ရပ်တည်ချက်

အခြေအမြစ်မရှိစွပ်စွဲပြောဆိုချက်များနှင့် ပတ်သက်၍ ပြည်သူများနှင့်မိတ်ဆွေများ အမြင်ရှင်းလင်းပြတ်သားစေနိုင်ရန် အမျိုးသားညွန့်ပေါင်းအစိုးရ ကုလသမဂ္ဂကိုယ်စားလှယ် ဒေါက်တာသောင်းထွန်းက အမေရိကန်အခြေစိုက် မြန်မာအင်တာနက်စာစောင် *ဘားမားတူဒေး* သို့ ယခုလို ထုတ်ဖော်ချေပခဲ့သည်။

*၂၀၁၀ ရွေးကောက်ပွဲ*

၂၀၀၈ အခြေခံဥပဒေနှင့် ၂၀၁၀ ရွေးကောက်ပွဲကို လုံးဝလက်မခံကြောင်း အိုင်ယာလန်နိုင်ငံ၌ ကျင်းပခဲ့သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များညီလာခံအပြီး ကြေညာချက်များတွင် တိတိလင်းလင်းပြောထားသည့်အပြင် ဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်း၏ ၂၀၀၉ ဇန်နဝါရီ (၂၇)ရက် *အိုင်းရစ်ရှ်တိုင်းမ်* သတင်းစာနှင့်အင်တာဗျူး၊ ရေဒီယိုဖြစ်ဘြေးလျှန့် ဇန်နဝါရီ (၂၃)ရက်အင်တာဗျူးတို့တွင်လည်း ပြတ်ပြတ်သားသား ကြေညာထားသည်။

*နာဂစ်မုန်တိုင်းနှင့်စွက်ဖက်ရေး*

မုန်တိုင်းတိုက်ပြီး (၆)ရက်အကြာ ၂၀၀၈ ခု မေ (၉)ရက်၌ထုတ်ပြန်သော အမျိုးသားညွန့်ပေါင်းအစိုးရ သတင်းထုတ်ပြန်ချက်တွင် နိုင်ငံတကာအနေဖြင့် နအဖဗိုလ်ချုပ်များထံမှ ခွင့်ပြုချက်ကိုမစောင့်ဘဲ ချက်ချင်းဝင်ရောက်၍ လူသားချင်းစာနာရေးကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အားချင်းတောင်းဆိုခဲ့သည်။

အမေရိကန်ကွန်ဂရက်လွှတ်တော်တွင် ၂၀၀၈ ခု မေ (၂၀)ရက်ကပြုလုပ်ခဲ့သော နာဂစ်မုန်တိုင်းဆိုင်ရာကြားနာပွဲတွင်လည်း အမျိုးသားညွန့်ပေါင်းအစိုးရဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်းက လူသားချင်းစာနာရေးအကူအညီပေးရန် စစ်ရေးအရ ဝင်ရောက်စွက်ဖက်ရေးကို တိုက်တွန်းချက် အပိုဒ်(၇)၌ တိတိကျကျဖော်ပြတောင်းဆိုခဲ့သည်။ *"သံတမန်ရေးအရ ဆောင်ရွက်မှုများမှာ ထိရောက်မှုမရှိကြောင်းတွေ့ရသဖြင့် နိုင်ငံတကာအနေဖြင့် မြန်မာပြည်သူများကို အကာအကွယ်ပေးသင့်ကြောင်း၊ မြန်မာနိုင်ငံထဲဝင်ရန်လိုကြောင်း၊ စိတ်သဘောထားတူသည့်နိုင်ငံများ စုစည်း၍ နိုင်ငံတကာအကူအညီပေးရေးညွန့်ပေါင်းအဖွဲ့ International Coalition of Mercy ဖွဲ့စည်းကာကူညီလျှင် နအဖစစ်တပ်အောက်ခြေအပါအဝင် ပြည်သူအများစုက သောင်းသောင်းဖြဖြကြိုဆိုမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေနှင့်လည်း ယင်းအခြေအနေ၌ ဂုဏ်သိက္ခာထိခိုက်ခံပြီး နအဖကို ကာကွယ်မည်မဟုတ်ကြောင်း"* အမေရိကန်လွှတ်တော်အမတ်များနှင့် အမေရိကန်အစိုးရကို တိုက်တွန်းခဲ့သည်။

*ကုလသမဂ္ဂတွင် နအဖထိုင်ခုံဖယ်ရှားရေး*

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနှင့် လည်းကောင်း၊ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးအနေနှင့်လည်းကောင်း ကုလသမဂ္ဂ၌ စိန်ခေါ်ဖယ်ရှားရေး Credentials Challenge ကို ထောက်ခံကြောင်း ပြောဆိုကြေညာခြင်းမရှိဘဲ လုံခြုံရေးကောင်စီတွင် တင်သွင်းဆွေးနွေးရန်သာ ထောက်ခံထားခြင်းကြောင့် အမျိုးသားညွန့်ပေါင်းအစိုးရအနေဖြင့် ၎င်းခေါင်းဆောင်များနှင့် တကွ အဖွဲ့ချုပ်မူဝါဒများနှင့် တပြေးညီဆောင်ရွက်နေခြင်းသာ ဖြစ်သည်။

မိမိတို့ဘက်မှ မပိုင်သေးလျှင် အခြေအနေအချိန်အခါကောင်းကို စောင့်ဆိုင်းရန်၊ စည်းရုံးရေးများလုပ်ရန်နှင့် ချိန်ချိန်ဆဆလုပ်ရန် လိုအပ်သည်။ ကုလသမဂ္ဂ လုပ်ထုံးလုပ်နည်းများ၊ ကုလအတွင်းနိုင်ငံရေးနှင့် အုပ်စုများအားပြိုင်မှုတို့ကို လေ့လာတွက်ချက်ရန်လိုသည်။

*ရှေ့လုပ်ငန်းစဉ်*

မြန်မာပြည် ဒီမိုကရေစီပြောင်းလဲမှု၏ အခြေခံမှာ ပြည်တွင်းဖြစ်၍ ပြည်တွင်းလူထုစွမ်းအားမြှင့်တင်ရေးလုပ်ငန်းစဉ်များ လုပ်ကိုင်သွားမည်။

*သံတမန်ရေး နိုင်ငံရေးလုပ်ငန်းစဉ်*

မြန်မာနိုင်ငံဒီမိုကရေစီကူးပြောင်းရေးနှင့် တိုင်းပြည်ပြန်လည်တည်ဆောက်ရေးအတွက် အမျိုးသားညွန့်ပေါင်းအစိုးရ၏ အတွေးအမြင်၊ မူဝါဒသဘောထားများကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ၁၉၉၀ ရွေးကောက်ပွဲကြေညာစာတမ်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ၏ တိုင်းပြည်တည်ဆောက်ရေးဆိုင်ရာကြေညာချက်များကို အခြေခံ၍ ပြည်ပရောက်ပညာရှင်များနှင့် ရေးဆွဲလျက်ရှိသည်။ ၎င်းသဘောထားများထဲတွင် စီးပွားရေးနယ်ထူရေး၊ နိုင်ငံအေးချမ်းရေး၊ ဒုက္ခသည်များနှင့် ပြည်တွင်းအိုးအိမ်စွန့်ဒုက္ခသည်များ ပြည်တော်ဝင်ရေးဆိုင်ရာအမြင်များလည်း ပါဝင်မည်ဖြစ်သည်။

*အိုင်ယာလန်မှာ ပြိုင်တာမမှန်*

ပြည်ပအခြေစိုက်မြန်မာမီဒီယာအချို့ပါ အိုင်ယာလန် အမ်ပီယူညီလာခံအပေါ်စွပ်စွဲချက်များနှင့်ပတ်သက်၍ အမျိုးသားညွန့်ပေါင်းအစိုးရဝန်ကြီးသစ် ရခိုင်တိုင်းရင်းသားခေါင်းဆောင် ဦးထွန်းဝင်းနှင့် အင်္ဂပူလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဝင်းတို့က ယခုလိုဖြေရှင်းသည်။

ဦးထွန်းဝင်း။ ။ *ဒီကိစ္စကသက်သက် ကျနော့်ကိုသိက္ခာကျအောင် လုပ်ဆောင်တာဖြစ်ပါတယ်။ အကုန်လုံးကို လျှို့ဝှက်မဲစနစ်နဲ့ ဆုံးဖြတ်တယ်ဆိုတော့ ဘယ်သူကကန့်ကွက်မဲပေးတယ်၊ ဘယ်သူကထောက်ခံမဲပေးတယ်ဆိုတာကို ဘယ်သူမှမသိနိုင်ပါဘူး။ ဒါကို ကျနော်တို့ကို ကန့်ကွက်မဲပေးပြီး ဘက်ပြောင်းတယ်လို့ သူတို့ ဘာကြောင့်ပြောနိုင်တာလဲ။ ပြီးတော့ ကျနော်က ဘယ်သူ့ဆီမှာမှ ကတိပေးထားတာမရှိဘူး။ တမင်သက်သက်တိုက်ခိုက်လိုတဲ့အတွက် ဖြစ်ပါတယ်။*

၎င်းအပြင် ဦးထွန်းဝင်းက *"ကျနော့်ဆီကို ဘယ်သူမှဖုံးဆက်တာမရှိဘူး။ ဖုန်းမကိုင်ဆိုပြီး ရေးသားထားတာတွေကိုလဲ တွေ့ရတယ်။ သက်သက်လုပ်ကြံတာပါ"* ဟု ပြောသည်။



ခေတ်ပြိုင်သတင်းတွင် ရခိုင်အမတ် ဦးအောင်ထွန်းစိန်နှင့် ဦးထွန်းဝင်းတို့ ထိုးကြိတ်မည့် အခြေအနေထိရောက်ခဲ့ကြောင်း ရေးသားချက်နှင့်ပတ်သက်၍ ဦးထွန်းဝင်းက *"ကျနော်နဲ့ဦးအောင်ထွန်းစိန် အခန်းအမှတ် ၈၀၀ မှာ အတူတည်းခိုခဲ့ပါတယ်။ ဘာပြဿနာမှ မရှိခဲ့ပါဘူး။ ဒါကို ထိုးကြိတ်မယ့်အဆင့်ထိ ရောက်ခဲ့တယ်လို့ ရေးသားတာက တော်တော်လွန်ပါတယ်။ ခုလို ဖော်ပြတဲ့အပေါ်မှာ သက်ဆိုင်ရာတာဝန်ရှိသူက တာဝန်ယူရပါလိမ့်မယ်"* ဟုပြောသည်။

*"တခြား အမှန်ပြဿနာတက်ခဲ့တဲ့ အင်အားကြီးတဲ့ အမတ်တွေ၊ ဝန်ကြီးတွေကျတော့ မရေးရဲဘူး။ ကျနော်တို့ကျတော့ အားနည်းတယ်ဆိုပြီး တောင်မဟုတ် မြောက်မဟုတ်ရေးရဲတယ်။ ဒါကိုက သတင်းစာအနေနဲ့ ဘက်လိုက်မှုရှိတယ်ဆိုတာကို ဖော်ပြတာဖြစ်တယ်။"*



ဦးမြင့်ဝင်း (အင်္ဂပူ-၁ လွှတ်တော်ကိုယ်စားလှယ်)။ *[အမ်ပီယူ အိုင်ယာလန်ညီလာခံမှာ] အိန္ဒိယပါလီမန်မှာဖြစ်တဲ့ ဟိုတယောက်ကိုတယောက်က ထုကြရိုက်ကြဆိုတဲ့ပုံစံမျိုး၊ နောက်ကိုးရီးယားပါလီမန်မှာဖြစ်တဲ့ အဲဒီလိုဟာမျိုးမဟုတ်ပါဘူး။ ကျနော်တို့ငြင်းကြ ခုံကြတာတော့ရှိပါတယ်။ သို့သော် တယောက်ပြီးတယောက် ပေါက်ကွဲ၊ ဘာညာ အဲဒီသဘောမျိုး မဟုတ်ပါဘူး။ အဲဒီသဘောမျိုးမရှိဘူး။ ဟိုဟာပေါ့၊ မဲခွဲရမဲ့ကိစ္စမှာ မဲခွဲတယ်၊ ခွဲတဲ့အခါမှာ အနိုင်ရတဲ့သူရှိတယ်၊ ရှုံးသွားတဲ့သူလဲရှိမယ်။ အဆိုဖက်က ရှိမယ်၊ အချေဖက်က ရှိမယ်။ အဲလိုရှိတဲ့အခါမှာ ပြီးသွားတဲ့အခါကျတော့ ကျနော်တို့ အဲဒီအတိုင်းလိုက်နာပြီး လုပ်ဆောင်ကြတာပါဘဲ။ အဲဒါကို ပြဿနာ၊ အဲဒီလိုထပြီးတော့ ရုပ်ပျက်ဆင်းပျက်ဆိုတာမျိုး တစက်မှမရှိဘူး။* ♦

(မျက်နှာဖုံးသတင်း ဂမ်ဘာရီ မှ)

*ကတော့ မစ္စတာဂမ်ဘာရီ နောက်ဆုံးလာခဲ့တဲ့ အခေါက်က အချက် ၅ ချက်ဆိုတဲ့ကိစ္စတွေ ဆွေးနွေးတယ်။ ဆွေးနွေးတဲ့အခါမှာ ၂၀၁၀ ရွေးကောက်ပွဲနဲ့ ပတ်သက်လို့ အဖွဲ့ချုပ်က ဆွေးနွေးဖို့မရှိတဲ့အကြောင်း ပြောကြားခဲ့တယ်။ နောက်စီးပွားရေးဖိုရမ်၊ အီကော်နော်မစ်ဖိုရမ်နဲ့ ပတ်သက်ပြီး ကျနော်တို့အဖွဲ့ချုပ်သဘောထားကို စီးပွားရေးဆိုင်ရာအချက်အလက်၊ သတင်းအချက်အလက်တွေ ဘာမှမရှိတဲ့အတွက် ကျနော်တို့မပေးနိုင်ဘူးဆိုတာ ပြောခဲ့တယ်။ နောက်တချက် ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ မစ္စတာဂမ်ဘာရီကို ပြောကြားခဲ့တာကတော့ လက်ရှိအားဖြင့် မြန်မာနိုင်ငံတရားစီရင်ရေးမှာ ပြစ်ဒဏ်ပြင်းပြင်းထန်ထန်ချတယ်၊ ရှေ့နေတွေ လွတ်လွတ်လပ်လပ်လိုက်ခွင့်မရှိဘူး။ ပိတ်ဆို့ခံရတယ်။ ဒီလိုအချက်အလက်တွေအားလုံး ဖြစ်ပေါ်နေတာဟာ ဒီမှာ မြန်မာနိုင်ငံမှာ တရားဥပဒေစိုးမိုးရေး မရှိလို့ဖြစ်တာ၊ တရားဥပဒေစိုးမိုးရေးရှိရင် ဒါတွေဟာ ဖြစ်စရာ မရှိပါဘူးဆိုတဲ့အကြောင်း မစ္စတာဂမ်ဘာရီကို ရှင်းပြခဲ့ပါတယ်။*

*မစ္စတာဘန်ကီမွန်း မြန်မာပြည်ကိုလာမယ်၊ လာချင်တယ်။ အဲဒီလိုလာတဲ့အခါ လက်ဆုပ်လက်ကိုင် ပြနိုင်တဲ့တိုးတက်မှု တစုံတရာရှိရင် လာမှာ။ အဲဒီတော့ အဖွဲ့ချုပ်အနေနဲ့ နိုင်ငံရေးရပ်တည်ချက်(၄)ချက်ဖြစ်တဲ့ နိုင်ငံရေးအကျဉ်းသား လွှတ်ပေးရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲရေးကော်မတီ ဖွဲ့စည်းရေး၊ ပြည်သူ့လွှတ်တော်ခေါ်ယူရေး၊ တွေ့ဆုံဆွေးနွေးရေး။ ဒီအချက် ၄ ချက်ထဲက နံပါတ် ၁ အချက်ဖြစ်တဲ့ နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးရေးကို ဆောင်ရွက်ခဲ့ရင် ဒါဟာ သိသာထင်ရှားတဲ့၊ လက်ဆုပ်လက်ကိုင်ပြနိုင်တဲ့ တိုးတက်မှုလို့ ယူဆနိုင်တယ်ဆိုတဲ့အကြောင်း ဆွေးနွေးပြောကြားခဲ့ပါတယ်။*

တနည်းအားဖြင့် နိုင်ငံရေးအကျဉ်းသားအားလုံး မလွှတ်ပေးသရွေ့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မြန်မာနိုင်ငံကို မလာသင့်ဟု ဒေါ်အောင်ဆန်းစုကြည်က မစ္စတာဂမ်ဘာရီကို အမှာစကားပါးခြင်းဖြစ်သည်။ စစ်အစိုးရကိုယ်စားလှယ် ဆက်ဆံရေးဝန်ကြီးဦးအောင်ကြည်ကို တွေ့ဆုံရေး မငြင်းပယ်သော်လည်း အကျိုးရှိမှုဖြစ်မည်ဟုလည်း ဒေါ်အောင်ဆန်းစုကြည်ကပြောခဲ့သည်။

ဆက်လက်၍ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်နှင့် ဂမ်ဘာရီတွေ့ဆုံသည့်အခါ နအဖအနေဖြင့် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးရေးမလုပ်ဘဲ လမ်းပြမြေပုံ ၇ ချက်အတိုင်း တဘက်သတ်ဆောင်ရွက်မည်ဆိုပါက ၂၀၁၀ ရွေးကောက်ပွဲသစ်ကို စဉ်းစားမှာမဟုတ်ကြောင်း မစ္စတာဂမ်ဘာရီကို တင်ပြလိုက်သည်။ အက်စ်အန်အယ်လ်ဒီအတွင်းရေးမှူးအဖွဲ့ဝင်များဖြစ်သည့် စိုင်းစိုးအောင်၊ စိုင်းတင်လှိုင်နှင့် စိုင်းရွှေကျူးတို့က နိုင်ငံရေးအကျဉ်းသားအားလုံး ပြန်လွှတ်ရေး၊ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေး ဖြစ်မြောက်ရေးကိုတောင်းဆိုပြီး တွေ့ဆုံဆွေးနွေးရေးမလုပ်ဘဲ နိုင်ငံရေးလမ်းပြမြေပုံ ၇ ချက်အတိုင်းသာ တဖက်သတ်ဆောင်ရွက်သွားလျှင် တိုင်းရင်းသားပြည်သူတရပ်လုံးလက်ခံနိုင်သည့် နိုင်ငံရေးပြေလည်မှုမျိုး လုံးဝမရနိုင်ကြောင်း ပြောပြလိုက်သည်။

### ဂမ်ဘာရီခရီးစဉ်ရလဒ်များ

မစ္စတာဂမ်ဘာရီသည် နအဖဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်လည်းကောင်း၊ တိုင်းရင်းသားလူမျိုးများ မဟာမိတ်အဖွဲ့ (ယူအဲန်အေ) နှင့်လည်းကောင်း၊ တွေ့ခွင့်မရဘဲ ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်သာ ဒုတိယအကြိမ်တွေ့ဆုံပြီးနောက် ဖေဖော်ဝါရီ (၃)ရက်တွင် ပြန်လည်ထွက်ခွာသွားခဲ့သည်။ နိုင်ငံရေးအကျဉ်းသားလွှတ်ရေး၊ အခြေခံဥပဒေပြင်ရေးအပါအဝင် မစ္စတာဂမ်ဘာရီ၏တောင်းဆိုချက်အားလုံးကို နအဖ က တခုမှမလိုက်လျောနိုင်ကြောင်း ဗိုလ်မှူးချုပ်ကျော်ဆန်းက ဒုတိယအကြိမ်တွေ့ဆုံစဉ် တရားဝင်ပြောကြားလိုက်သည်။

ပူကျင့်ရှင်းထန် (ယူအဲန်အေ)။ ။ *လာတဲ့ကိုယ်စားလှယ်က ယူအဲန်ပေးတဲ့ mandate (မန်းဒိတ်လုပ်ပိုင်ခွင့်) မဟုတ်ဘဲ နအဖခင်းပြတဲ့အတိုင်းဘဲ သူလျှောက်နေတာကိုး။ ပြည်သူလူထုကိုဒုက္ခပေးနေတဲ့ ဒီအစိုးရပြောတဲ့အတိုင်း လုပ်နေတာကိုး။*

အမျိုးသားညွန့်ပေါင်းအစိုးရကိုယ်စားလှယ် ဒေါက်တာသောင်းထွန်းကလည်း ယခုလိုသုံးသပ်သည်။ *"အမျိုးသားပြန်လည်သင့်မြတ်ရေးထောင့်ဘက်ကနေကြည့်မယ်ဆိုရင်တော့ နအဖဘက်က ထူးထူးခြားခြားတုံ့ပြန်ချက် တစုံတရာမရှိခဲ့တာတော့ ကျနော်တို့တွေ့ရတယ်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကတောင်မှ လက်ခံတွေ့ဆုံတဲ့အနေအထားတွေ မရှိတော့ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ကြိုးပမ်းရေးထောင့်ကကြည့်မယ်ဆိုရင်တော့ ရလဒ်တစုံတရာမရခဲ့ဘူးလို့ ကျနော်တို့ဆိုရမှာပါဘဲ။"*

ဂမ်ဘာရီခရီးစဉ်ပြီးဆုံး၍ မြန်မာပြည်မှ ပြန်လည်ထွက်ခွာသွားပြီး နာရီပိုင်းအတွင်းမှာပင် နအဖစစ်အုပ်စုက ဒေါ်အောင်ဆန်းစုကြည်သည် နအဖ ဆက်ဆံရေးဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်နှင့်တွေ့ဆုံရန် ငြင်းဆိုခဲ့သည်ဟု စွပ်စွဲလိုက်သည်။

မစ္စတာဂမ်ဘာရီသည် ဖေဖော်ဝါရီ (၆)ရက်တွင် အိန္ဒိယနိုင်ငံ နယူးဒေလီသို့ ရောက်ရှိနေသော ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းကို တွေ့ဆုံအစီရင်ခံပြီးနောက် ဘန်ကီမွန်းက နအဖစစ်အုပ်စုနှင့် ဒီမိုကရေစီအင်အားစုများကြား ကြိုတင်သတ်မှတ်ချက်များ မထားသည့် အကျိုးဖြစ်ထွန်းမည့် တွေ့ဆုံဆွေးနွေးမှုများ အမြန်စတင်ကြဖို့ တိုက်တွန်းတောင်းဆိုလိုက်သည်။ ♦

---

(မျက်နှာဖုံးသတင်း လူ့အခွင့်အရေး မှ)

ထို့အပြင် ဒီကေဘီအေ၊ ကေအင်ယူခွဲထွက် ဗိုလ်ချုပ်ဌေးမောင်အဖွဲ့ စသည့်အပစ်ရပ်အဖွဲ့များနှင့် တွေ့ခဲ့သော်လည်း ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီနှင့် တိုင်းရင်းသားနိုင်ငံရေးပါတီများတို့ကိုမူ တွေ့ဆုံခြင်းမရှိခဲ့။

၎င်းသည် ဖေဖော်ဝါရီ (၁၇)ရက်တွင် ကြပ်ပြေးနေပြည်တော်သို့ သွား၍ နအဖဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် တွေ့ဆုံခဲ့သည်။ ဖေဖော်ဝါရီ (၁၉)ရက်တွင် မြန်မာနိုင်ငံမှမပြန်ခင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလုပ်အမှုဆောင် နှစ်ရှည်နိုင်ငံရေးအကျဉ်းသားဟောင်း ဦးဝင်းတင်ကို တွေ့ဆုံလိုသည်ဆို၍ နအဖအာဏာပိုင်တို့ကသွားခေါ်ရာ ဦးဝင်းတင်က ငြင်းလိုက်သည်။ ငြင်းရခြင်းအကြောင်းကို ဦးဝင်းတင်က ယခုလိုရှင်းပြသည်။

*"မစ္စတာကင်တားနားနဲ့ တွေ့ဖို့ ရေတွေဘာတွေ ချိုးထားပါ၊ စိမ်းလဲ့ကန်သာမှာ သွားတွေ့ရမယ်၊ လာခေါ်တော့မယ်လို့ပြောတယ်။ ကျနော်က ပြောလိုက်တယ်၊ ကျနော် ရေလဲမချိုးနိုင်ဘူး၊ တွေ့လဲမတွေ့နိုင်ဘူး၊ တွေ့ဖို့လဲမလိုဘူး။ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားတို့ခေါ်တိုင်း ကျနော် ဘယ်လိုက်နိုင်မလဲ၊ ကျနော့်အဖွဲ့ချုပ်က သိသလား၊ အဖွဲ့ချုပ်က စီအီးစီကိုဖိတ်ရဲ့လား၊ နောက် အခုတွေက ဘယ်ပုံစံနဲ့တွေ့တာလဲ၊ ခင်ဗျားတို့က ဘာလို့ ကျုပ်ကိုလာခေါ်ရတာလဲဆိုတော့ မဟုတ်ပါဘူးတဲ့၊ မစ္စတာကင်တားနားက ကျနော့်ကို ပုဂ္ဂိုလ်ရေးအရ တွေ့ချင်တယ်တဲ့၊ အန်န်အယ်လ်ဒီကို ဘာတို့ မဖိတ်ပါဘူးတဲ့၊ အဲဒါနဲ့ ကျနော်ငြင်းလိုက်တယ်။ မတွေ့နိုင်ဘူး၊ ကျနော် တွေ့ဖို့လဲရည်ရွယ်ချက်မရှိဘူးလို့ ပြောလိုက်တယ်၊ အဲဒါပါဘဲ။*

*ကျနော် လက်ခံမတွေ့တာက အစိုးရလုပ်လို့ ဘာလို့ မဟုတ်ဘူးခင်ဗျ။ နည်းလမ်းတကျမလုပ်လို့၊ နည်းလမ်းတကျမလုပ်ဘဲနဲ့ ကျနော့်ကိုဖွဲ့ထုတ်ပြီးတော့ တယောက်တည်းလာပြီးခေါ်တွေ့ဖို့ အစိုးရကစီစဉ်ပေးတယ် ဆိုတာမျိုးကို လက်မခံနိုင်ဘူး။ လက်မခံနိုင်တဲ့အတွက် ကျနော်ငြင်းလိုက်တာ။*

*လာတဲ့ချန်နယ်က အစိုးရကစီစဉ်ပေးတဲ့ အစီအမံအတိုင်းဘဲ သူလုပ်ရမယ်။ ဆိုလိုတာက သူ့ခရီးစဉ်တလျှောက်လုံးတောင်မှ အစိုးရရဲ့အစီအမံနဲ့ ဟိုသွားဒီသွား၊ ဟိုလူတွေ ဒီလူတွေ ဆိုတဲ့အတိုင်းဘဲ လုပ်သွားတဲ့ဟာမှာ သူက ကျနော့်ကို ပုဂ္ဂိုလ်ရေးအရ တွေ့ချင်တဲ့သဘော ရှိကောင်းရှိမယ်။ သို့သော် အစိုးရရဲ့ ဟိုဟာလုပ်ဒီဟာလုပ်၊ ဟိုလူ့ခေါ် ဒီလူ့ခေါ် ဆိုတာမျိုးကို ကျနော်သူ့အတွက်လဲ လက်မခံနိုင်ဘူး၊ သူ့ခရီးစဉ်မှာ အဲဒီလိုစီမံတာလဲ လက်မခံနိုင်ဘူး။*

*[အခုလို သွားမတွေ့လိုက်တာဟာ တိုင်းပြည်အတွက် နစ်နာတယ်လို့] မထင်ပါဘူး။ လုပ်ငန်းတခုဆိုတာ ပုံမှန်၊ နည်းမှန်လုပ်မှသာလျှင် ဖြစ်မှာပေါ့။ ဥပမာ၊ ကျနော်က ကင်တားနားနဲ့သွားပြီး လက်ဝါးချင်းရိုက်နေလို့ တိုင်းပြည်မှာ ဘာအကျိုးရှိမှာလဲ၊ ဘာမှမရှိနိုင်ဘူး။ ကင်တားနားနဲ့သွားပြီး လက်ဝါးချင်းမရိုက်တဲ့အတွက်ရော တိုင်းပြည်မှာ ဘာအကျိုးယုတ်စရာရှိလဲ၊ ဘာမှမရှိဘူး။ အလုပ်တခုက နည်းမှန်၊ လမ်းမှန်၊ စနစ်မှန်နဲ့ လုပ်မှသာလျှင် အကျိုးဖြစ်ထွန်းမှုဆိုတာ ရှိနိုင်တာပေါ့။ ဒီဟာတွေမရှိဘဲနဲ့ နှစ်ယောက်ချင်းကိစ္စ၊ သုံးယောက်ချင်းကိစ္စ လုပ်လို့ ဘယ်ရမလဲ။*

*အမှန်အတိုင်းပြောရရင် ဒီလူ့အခွင့်အရေးကိစ္စကို ဖြေရှင်းတဲ့နေရာမှာ ကုလသမဂ္ဂက မစ္စတာကင်တားနား*

(စာမျက်နှာ ၇ သို့)

# QUOTATIONS “ ” ညွှန်းဆိုထိုကားသူတို့စကား

“သူတို့နှစ်ယောက်က အန်အယ်ဒီရဲ့ စီအီးစီများဖြစ်တယ်။ အန်အယ်ဒီရဲ့စီအီးစီများ ဟုတ်မဟုတ်ဆိုတဲ့ ပြဿနာဟာ အန်အယ်ဒီရဲ့ကိစ္စသာဖြစ်တယ်၊ တခြားပုဂ္ဂိုလ်များနဲ့ မဆိုင်ဘူးဆိုတာကို မစ္စတာဂမ်ဘာရီကို ရှင်းပြခဲ့တယ်။”

ဒေါ်အောင်ဆန်းစုကြည် (အာဏာပိုင်တို့က တွေ့ခွင့်မပြုမှုအပေါ် ချေပချက်)

“ကျနော်တို့တိုင်းပြည်က နိုင်ငံရေးအခြေအနေ၊ စီးပွားရေးအခြေအနေတွေကို ဖြေရှင်းကြမယ်ဆိုရင် တိုင်းရင်းသားတွေမပါဘဲနဲ့ လုံးဝမဖြစ်နိုင်ဘူးလို့ကို ကျနော်တို့ယူဆတယ်။”

အဲန်အယ်လ်ဒီ စီအီးစီ ဦးဝင်းတင်

“ရိုဟင်ဂျာဆိုတာ မြန်မာပြည် တိုင်းရင်းသားလူမျိုးတွေထဲမှာ မပါပါဘူး။ ရိုဟင်ဂျာတွေဟာ တကယ်တမ်းအားဖြင့် ဘင်္ဂလားဒေ့ရှ်ကလာတာဖြစ်လို့ မြန်မာတိုင်းရင်းသားလို့ ဘယ်လိုလုပ်ပြောနိုင်မှာလဲ။ (ထိုင်းနိုင်ငံမှာ) ဗမာ ၃ သန်းရှိတယ်၊ ယိုးဒယားလူမျိုးလား။ ဘင်္ဂလားဒေ့ရှ်မှာလဲ ရခိုင်တွေအများကြီးရှိတယ်၊ အဲဒါ ဘင်္ဂါလီတွေလား။”

စီအာပီပီအတွင်းရေးမှူး ဦးအေးသာအောင်

“အဖိနှိပ်ခံနေရတဲ့ ပြည်သူတွေ၊ အမျိုးသားတွေအတွက် ကျနော်တို့ သူပုန်ဖြစ်ခဲ့ကြတယ်။ သူပုန်ဖြစ်ရတာလဲ ကျနော်ဂုဏ်ယူခဲ့တယ်။ တော်လှန်ရေးသမားဖြစ်ရတာ ဂုဏ်ယူတယ်။ နောက်တခုကတော့ အတိုဆုံးနဲ့ပြောရရင်တော့ မတရားမှုမှန်သမျှကိုပုန်ကန်တာ တရားတယ်။ ရှေ့ဆက်ပြီးတော့လဲ မတရားမှုတွေကို ကျနော်ဆက်လက်ပြီးတော့ ပုန်ကန်မှာဘဲ။ တရားမှုတွေဖြစ်ထွန်းလာအောင် ကျနော်ကြိုးစားမှာဘဲ၊ ကျနော့်ဘဝမှာ။”

ကျဆုံးသွားခဲ့သော ကေအဲန်ယူ အတွင်းရေးမှူး ပဒိုမန်းရှာ

“မှန်တာတွေချည်း အမြဲတမ်းမပေးနိုင်သည့်တိုင်အောင် မှားမှန်းသိသိကြီးနဲ့ သတင်းမှားတွေ ပြည်သူလူထုကို မပေးနိုင်အောင် လုံးဝရှောင်ကြဉ်ကြပါလို့ ပြောချင်တယ်။… သတင်းသမားကောင်းဆိုတာ အမှန်တရားဘက်က ဘက်လိုက်ရမယ်။ နောက်တခုက ပြည်သူလူထုရဲ့မျက်နှာကို ကြည့်ကြပါ၊ သူခိုးစားရိုးကမ်းတဲ့အလုပ်မျိုးတော့ မလုပ်ကြပါနဲ့။”

သတင်းစာဆရာကြီး လူထုစိန်ဝင်း (သတင်းသမားများသို့ အမှာစကား)

“ကျပ်ငွေမာနေတာမဟုတ်ဘဲ ပြည်ပပို့ကုန်အရောင်းနှေးနေလို့ နိုင်ငံခြားငွေဈေးကျနေတာ။”

နိုင်ငံတကာစီးပွားရေးသတင်းအယ်ဒီတာချုပ် ခင်မောင်ညို (ဘောဂဗေဒ) (မြန်မာကျပ်ငွေ ဈေးတက်ခြင်းအပေါ် သုံးသပ်ချက်)

“မျက်လှည့်ပြတယ်လို့ ကျနော်တို့အမြင်မှာလေ။ ခြောက်ထောင်ကျော်လွှတ်တယ်ဆိုပြီးတော့ ဂဏန်းအမြင်မှာ အများကြီးလိုလို ပေါ်လွင်ပေမဲ့ တကယ်တော့ အခုထိလွှတ်ပေးတာ (၂၀)ကျော်လောက်ဘဲ ရှိသေးတယ်။… ကျနော်တို့လိုချင်တာက ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးတို့ နောက်ပြီးတော့ ခွန်ထွန်းဦး၊ မင်းကိုနိုင်၊ ကိုကိုကြီးအပါအဝင် အဲ့ဒါတွေဟာ… နိုင်ငံရေးဘက်က ကျနော်တို့ထင်တဲ့ဟာတွေ မပါလာတော့… ဒါတွေက မျက်လှည့်ပြနေတာပါဘဲ။”

ပူကျင့်ရှင်းထန် (ထောင်မှ အကျဉ်းသားများလွှတ်ပေးမှုအပေါ် မှတ်ချက်)

“စစ်ဘက်အုပ်ချုပ်နေတာသည် သဘာဝမကျဘူး။ ဗမာပြည်မှာ ယနေ့တွေ့ရှိနေသော အခက်အခဲတော်တော်များများဟာ စစ်ဘက်အုပ်ချုပ်နေလို့ တခြားနိုင်ငံတွေက မကြိုက်ကြလို့ မလိုလားကြလို့၊ နှိပ်ကွပ်ထားလို့၊ ရှင်းရှင်းပြောမယ်၊ *Sanctions* (စီးပွားရေးပိတ်ဆို့မှု) ဘာညာဆိုတာ၊ စစ်အစိုးရမကြိုက်တာကတော့ တကမ္ဘာလုံး ဘယ်သူမှမကြိုက်ဘူး။ မကြိုက်ပေမဲ့ အကြောင်းကြောင်းကြောင့်ဖြစ်လာတယ်၊ ဖြစ်လာပြီးလို့ စစ်အစိုးရကနေပြီးတော့ အရပ်သားအစိုးရဘက်ကို ပြောင်းမယ်ဆိုတာနဲ့ အဲဒါဟာ ကောင်းသောပြောင်းလဲခြင်းဆိုတာကိုလက်ခံလို့ ကျနော်တို့က ဖွဲ့စည်းပုံအခြေခံဥပဒေကို ထောက်ခံခဲ့တာဘဲ။”

မဆလ နိုင်ငံခြားရေးဝန်ကြီးဟောင်း၊ တစည ခေါင်းဆောင် ဗိုလ်မှူးချုပ်ဟောင်းဦးချစ်လှိုင်

## ဖြစ်ရပ်မှန် ကြေကွဲ Tragedy

◆ ဖေဖော်ဝါရီလဆန်းက ရန်ကုန်တိုင်း တောင်ဒဂုံမြို့နယ်ရှိ ယဉ်ကျေးမှု တက္ကသိုလ်ကျောင်းသားအချို့ကို ကျောင်းဆောင်ရှိရာရပ်ကွက်မှ စွမ်းအားရှင် ဦးအောင်မင်းဦးဆောင်သည့် ရပ်ကွက်သားအချို့က အဆောင်ထဲ ဝင်ရောက်ရိုက်နှက်ခဲ့ရာ ပိုင်နက်ကျူးလွန်ဝင်ရိုက်သူများ အရေးယူမခံရသည့်အပြင် (၄)ရက်အကြာတွင် အရိုက်ခံရသည့်ကျောင်းသားများက ရိုက်သည့်စွမ်းအားရှင်များကို အုန်းပွဲ၊ ငှက်ပျောပွဲနှင့် ကန်တော့တောင်းပန်လိုက်ရသည်။

◆ ဖေဖော်ဝါရီ (၂၂)ရက်က ရန်ကုန် စော်ဘွားကြီးကုန်းတွင် မူးယစ်ရမ်းကားသူများက ဒဂုံတက္ကသိုလ် တတိယနှစ် ဘူမိဗေဒကျောင်းသားများဖြစ်သော ကိုဝေဖြိုးကျော်၊ ကိုပြည့်နိုင်ဖြိုး၊ ကိုအောင်ဖုန်း၊ ကိုနေလင်းထက်နှင့် နည်းပြဆရာ ဦးအောင်မင်းဦးတို့ကို ရိုက်နှက်သဖြင့် (၅)ဦးစလုံး ဒဏ်ရာပြင်းထန်စွာရခဲ့ကြပြီး စော်ဘွားကြီးကုန်း ရဲကရုံးနှင့်ရဲတပ်ဖွဲ့ကို တိုင်ကြားခဲ့သော်လည်း မူးယစ်ရမ်းကားသူများကို အရေးမယူခဲ့။ ထို့ပြင် ရဲကရုံးသို့ ပြေးပြီး လာရောက်တိုင်ကြားသူ ကျောင်းသားအားလည်း ရဲကရုံးမှ ပြဿနာလာရှာသူဟုသတ်မှတ်ကာ ပါးနားရိုက်နှက်ပြီး ရုံးရှိပုလိပ်က လက်ထိပ်ခတ်လိုက်သည်။ ဒဂုံတက္ကသိုလ် ပါမောက္ခချုပ်နှင့် မော်ကွန်းထိန်းရုံးသို့ သွားရောက်သတင်းပို့တင်ပြသည့်အခါ တက္ကသိုလ်အာဏာပိုင်အဖွဲ့မှ ဒဏ်ရာရသူကျောင်းသား (၄)ဦးကို “နောင် ရန်မဖြစ်တော့ပါ” ဟု ခံဝန်ဂတိကိုသာ အတင်းအကြပ်လက်မှတ်ထိုးခိုင်းပြီး ခြိမ်းခြောက်ခဲ့သည်။ အင်းစိန်ရဲစခန်း၌ အမှုဖွင့်ရာတွင်လည်း တစုံတရာ အရေးယူဆောင်ရွက်ပေးခြင်းမရှိဘဲ အမှုပိတ်လိုက်ပြီဟု ရဲစခန်းတာဝန်ရှိသူမှ ပြောလွှတ်လိုက်သည်။

◆ ခန္တီးထောင်မှ ဖေဖော်ဝါရီ (၂၁)ရက်တွင် ပြန်လွတ်လာသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မန္တလေးတိုင်း မတ္တရာမြို့နယ်ဒု-ဥက္ကဋ္ဌ ဦးညိုကြီး (၇၁ နှစ်) က ၎င်းကို အာဏာပိုင်တို့က ထောင်ဒဏ် (၇)နှစ်ချမှတ်ခဲ့ပုံကို ယခုလို အကျဉ်းချုံးပြောပြသည်။ “ကျနော်တို့ လွှတ်တော်ကိုယ်စားလှယ်တယောက် လက်သီးထိုးခံရတယ်ဆိုတော့ သူ့ရဲ့သားသမီးတွေက ဘယ်သူလဲဆိုတာ စုံစမ်းတယ်။ ကလေးတွေက ကြံ့ခိုင်ရေးရုံးကို သွားကြတယ်။ စခန်းမှူးကိုယ်တိုင်က အဘလိုက်သွားပါဦးတဲ့။ ကြံ့ခိုင်ရေးရုံးကိုတော့ ကျနော် မလိုက်ချင်ဘူးလို့ပြောတာ ဘာမှမဖြစ်ပါဘူး၊ လိုက်သွားပါဦးဆိုလို့ လိုက်သွားပြီး ဟိုလဲရောက်ရော အမှုကိုင် ကိုဇော်မင်းမင်းထွေးက အဘ ဟိုနားလေးသွားထိုင်ပါဆိုတော့ သွားထိုင်လိုက်တယ်။ ကျနော်ဘာမှ မပြောခဲ့ပါဘူး။” ထို့နောက်မှ သံလက်သီးနှင့်ထိုးသည့် ကြံ့ခိုင်ရေးအဖွဲ့ဝင်ကို သတ်မည် ဖြတ်မည်၊ ကြံ့ခိုင်ရေးရုံးကို မီးနှင့်ရှို့မည်ဟု ကြိမ်းမောင်းပြောဆိုသည်ဟု စွပ်စွဲပြီး ပုဒ်မ ၅၀၆ (ကြိမ်းဝါးမှု)နှင့် ဦးညိုကြီးကို တရားစွဲခြင်းဖြစ်သည်။ “ကျနော် စကားတခွန်းတောင်မပြောခဲ့ရပါဘူး ခင်ဗျာ။ အဲ့ဒါကြောင့်မို့ ထစ်ခနဲရှိ ကျနော်တို့အဖွဲ့ချုပ်ကလူတွေကို ဖမ်းနေတယ်။ အထိုးခံရတော့ ကျနော်တို့ လွှတ်တော်ကိုယ်စားလှယ်၊ ဖမ်းပြီးထောင်ချတော့ ကျနော်တို့။” ♦

# မီးတောက်မီးလျှံများ

💣 ဖေဖော်ဝါရီလဆန်းပိုင်းက ဝ ပြည်မြောက်ပိုင်း ဟိုပန်မြို့နယ်အတွင်း ဝ ငြိမ်းချမ်းရေးတပ်ဖွဲ့နှင့် နအဖတပ် တိုက်ပွဲ ဖြစ်ပွားရာ နအဖစစ်သား (၁၀)ယောက် ကျပြီး ဝ စစ်သား (၂)ယောက်ကျသွားသည်။ ဤတိုက်ပွဲမှာ နှစ်လအတွင်း သုံးကြိမ်မြောက်ဖြစ်သည်။

💣 မွန်ပြည် သံဖြူဇရပ်မြို့နယ်တွင် နအဖတပ် ခလရ ၆၂ မှစစ်သားများက ဖေဖော်ဝါရီ (၂)ရက်ညဉ့် ရွာသား (၂)ဦးထံမှ ဆိုင်ကယ်တစီးကို အကြမ်းဖက် လုယူသွားရာ ရွာဥက္ကဋ္ဌနှင့် လူငယ် (၂၀)ခန့်က တပ်ဝင်းထဲဝင်ပြီး တပ်ရင်းမှူးထံ ရင်ဆိုင်အရေးဆို၍ ဆိုင်ကယ်ပြန်ရခဲ့သည်။

💣 ဘင်္ဂလားဒေ့ရှ်ရေပိုင်နက်ကာကွယ်ရေးအတွက် အမေရိကန်ရေတပ်က ပူးတွဲကင်းလှည့်မှုများအပါအဝင် အကူအညီပေးဖို့အသင့်ရှိကြောင်း အမေရိကန် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ရစ်ချတ်ဘောက်ချာက ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒက္ကားမြို့တော်သို့ရောက်ရှိစဉ် ဖေဖော်ဝါရီ (၈)ရက်၌ ပြောကြားခဲ့သည်။

💣 ဖေဖော်ဝါရီ (၁၄)ရက်တွင် နော်ဝေးနိုင်ငံအခြေစိုက် ၈၈ ကျောင်းသားများ၊ ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားအင်အားစုများ ပါဝင်ဖွဲ့စည်းထားသော အမျိုးသားပြန်လည်သင့်မြတ်ရေးသူရဲကောင်းဆု ချီးမြှင့်ရေးကော်မတီက ခွန်ထွန်းဦး (ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်)၊ ပူကျင့်ရှင်းထန် (ဇိုမီးအမျိုးသားကွန်ဂရက်)၊ နိုင်ငွေသိန်း (မွန်အမျိုးသားဒီမိုကရေစီအဖွဲ့)၊ ဦးအေးသာအောင် (ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်)နှင့် ပဒိုမန်းရှာလဖန်း (ကရင်အမျိုးသားအစည်းအရုံး) တို့ငါးဦးကို အမျိုးသားပြန်လည်သင့်မြတ်ရေးသူရဲကောင်းဆု ချီးမြှင့်လိုက်သည်။ ♦

*(ကျော်ဖုံး လူသတ် မှ)*

☠ ဖေဖော်ဝါရီ (၈)ရက်ညက ရခိုင်ပြည် မောင်းတောမြို့နယ်ရှိ စံပယ်ကုန်းစခန်းတွင် နစကစခန်းမှူး တပ်ကြပ်ကြီးစိန်ဝင်းနှင့် ကင်းသမား တပ်သားလှမြိုင် အရက်မူးပြီး ရန်ဖြစ်ရာမှ ကင်းရဲဘော်က စခန်းမှူးကို ပစ်သတ်လိုက်ပြီးနောက် မိမိကိုယ်မိမိ သေနတ်နှင့်ပစ် အဆုံးစီရင်လိုက်သည်။

☠ ဖေဖော်ဝါရီ (၁၆)ရက်နံနက် မိုးမလင်းမီက ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ပုတ်သင်ညိုကျေးရွာအုပ်စုတွင် လယ်တဲအတွင်း အိပ်ပျော်နေသော မောင်ဇော်မျိုးအေး (၁၂ နှစ်) ကို တောဆင်ရိုင်းလာနင်း၍ သေဆုံးသွားသည်။

☠ ဖေဖော်ဝါရီ (၁၈)ရက်က ရှမ်းပြည်အရှေ့ပိုင်း မြန်မာ-လောနယ်ခြားမဲခေါင်မြစ်အတိုင်း ဖြတ်သန်းခုတ်မောင်းလာသော တရုတ်သင်္ဘော (၄)စီးကို ခွန်ဆာအဖွဲ့လက်နက်ချ တဖြစ်လဲ နအဖပြည်သူ့စစ် နော်ခမ်းအဖွဲ့က ဆက်ကြေးတောင်းရာမှ ပစ်ခတ်မှုဖြစ်ခဲ့ပြီး တရုတ်သင်္ဘောသား(၁)ဦးသေ (၃)ဦးဒဏ်ရာရသွားသည်။ ဤဖြစ်စဉ်နှင့်ပတ်သက်၍ နအဖနှင့် နော်ခမ်းအဖွဲ့အပြန်အလှန်စွပ်စွဲနေကြပြီး နအဖက နော်ခမ်းအဖွဲ့အား လိုက်လံရှင်းလင်းတိုက်ခိုက်ပြနေသည်။ နအဖနှင့် နော်ခမ်းအဖွဲ့ ပဋိပက္ခဖြစ်ရာမှ နော်ခမ်းအဖွဲ့ပိုင် ဘိန်းဖြူ ကီလို ၃၅၀ နှင့် ဘတ်ငွေ ၂၁၇ သန်းကို နအဖက သိမ်းယူလိုက်ပြီး နော်ခမ်းအဖွဲ့ ပြည်သူ့စစ် (၅)ဦး တိုက်ပွဲကျ၊ လက်နက်(၆)လက်ဆုံးသွားသည်။ လားဟူအမျိုးသမီးတဦးကို နအဖတပ်က သတ်ပြီး မဲခေါင်မြစ်ထဲမျှောလိုက်သည်။ နအဖစစ်သား (၂)ဦး မိုင်းနင်းမိ၍သေဆုံးပြီး တဦး ဒဏ်ရာရသွားသည်။

☠ ဖေဖော်ဝါရီ (၂၄)ရက်က ရခိုင်ပြည် မောင်းတောမြို့နယ် ဘင်္ဂလားဒေ့ရှ်-မြန်မာနယ်ခြား နတ်မြစ်အတွင်း ဝိုင်းကုန်းအရပ်တွင် ငါးဖမ်းနေသော ဘင်္ဂလားဒေ့ရှ်နိုင်ငံသား တံငါသည်(၃)ဦးကို မြန်မာဘက်ကမ်းမှ နစကတပ်ဖွဲ့ကပစ်ခတ်ရာ ဆူလ်တန်အာမက်ဒ် ပွဲချင်းပြီးသေဆုံးပြီး ဆာယက်ဒ်ဟူစိန် ဒဏ်ရာရသွားသည်။

## မုဒိမ်းလိုင်စင်

♀ ဖေဖော်ဝါရီ (၉)ရက်က ရခိုင်ပြည် ကျောက်တော်မြို့တွင် နအဖတပ် ခမရ ၃၇၇ မှ တပ်ကြပ်ကြီးချစ်စိန်သည် ဧည့်စာရင်းစစ်ဆေးရန် အကြောင်းပြပြီး မြစိန်ပော်တယ်တွင်း ဝင်ရောက်ကာ မင်းပြားမြို့မှ လာရောက်တည်းခိုသူ ဘုရားဖူးအမျိုးသမီးတဦးကို မုဒိမ်းကျင့်ရန်ကြိုးစားရာ အမျိုးသမီးမှ အော်ဟစ် အကူအညီတောင်းသဖြင့် ပတ်ဝန်းကျင်မှ ဝိုင်းဝန်းဖမ်းဆီးလိုက်သည်။ ♦

*(လူ့အခွင့်အရေး မှ )*

*အရေးကြီးသလိုဘဲ ဒီလူ့အခွင့်အရေးချိုးဖောက်မှုတွေကို ကျူးလွန်နေတဲ့ နအဖအစိုးရလဲ အရေးကြီးတယ်ဗျာ။ နောက်တခါ ဒီလူ့အခွင့်အရေးချိုးဖောက်မှုတွေကို ရပ်တန့်ကရပ်ပါ၊ တော်ပါတော့၊ ပြုပြင်ပါတော့၊ ပိတ်ပင်ပါတော့၊ ရပ်စဲပါတော့လို့ တောင်းဆိုနေတဲ့ အဲန်အယ်လ်ဒီလို နိုင်ငံရေးအင်အားစုကလဲ အရေးကြီးပါတယ်။ အဲလို သုံးဦးသုံးဖလုယ် အရေးကြီးနေတဲ့နေရာမှာ ကျနော် တယောက်တည်း ဝင်ပြီးပြောလို့တော့ ဘာမှမထူးနိုင်ဘူးလို့ ကျနော်ယူဆတယ်။ အဲဒါကြောင့် ကျနော်က ငြင်းလိုက်တာ။*

*ကျနော်ပြောချင်တာက မြန်မာပြည်ဟာ လူ့အခွင့်အရေးချိုးဖောက်မှုတွေ အလွန်ကြီးမား၊ ပြင်းထန်၊ ဆိုးသွမ်း၊ ရက်စက်ကြမ်းကြုတ်နေတဲ့အတွက် ဘာနဲ့တူသလဲဆိုရင် ငရဲခန်းကြီးလိုဘဲဖြစ်နေတယ်။ အဲဒါကြောင့် ခင်ဗျားတို့တွေ နောင်ကိုလာတဲ့အခါမှာ ဟိန္ဒူကုလားမီးနင်းပွဲ လာသလိုလာပြီးတော့ မီးပေါ်လမ်းလျှောက်ကြည့်သလိုလျှောက်တာမျိုး မလုပ်ပါနဲ့။ ခင်ဗျားတို့ဆီ ပူလောင်တာဘဲ အဖတ်တင်မှာဘဲ၊ ဘာမှမထူးဘူး။ လာမယ့်လာရင် မီးသတ်သမားပုံစံနဲ့ လာကြပါ။ မီးသတ်သမားတွေလို လာကြပါ။ မြန်မာပြည်မှာ လူ့အခွင့်အရေးချိုးဖောက်မှု လောင်မီးကြီးကျနေတာကို ဝိုင်းဝန်းငြိမ်းသတ်ကြပါလို့ ကျနော်ပြောချင်ပါတယ်၊ မေတ္တာရပ်ခံချင်ပါတယ်၊ တောင်းပန်ချင်ပါတယ်၊ ပန်ကြားချင်ပါတယ်။" ♦*

## လွှတ်တော်ကိုယ်စားလှယ်ကွယ်လွန်

ရန်ကုန်တိုင်း သာကေတမဲဆန္ဒနယ်မြေ အမှတ် ၂ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်မောင်လတ် (ခေါ်) ဒေါက်တာလှိုင်နီ (၅၉ နှစ်) သည် ဖေဖော်ဝါရီ (၂၂)ရက်က ဦးနှောက်သွေးကြောပြတ်ဖြင့် ကွယ်လွန်သွားခဲ့သည်။ ၎င်းသည် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ရန်အောင်နှင့် ဒေါ်လှိုင်လှိုင် တို့၏သားဖြစ်ပြီး ကွယ်လွန်ချိန်၌ ဇနီး ဒေါ်မြယဉ်နှင့် သားသမီး (၄)ဦး ကျန်ခဲ့သည်။ ကျန်းမာရေးကောင်းချိန်က အဖွဲ့ချုပ်ဆေးခန်းတွင် တပတ် နှစ်ရက် တာဝန်ယူခဲ့ပြီး အဖွဲ့ချုပ်လူငယ်များအတွက်လည်း နေ့စဉ် ဟင်းချိုင့်ပို့ခဲ့သည့် စေတနာရှင်ဖြစ်သည်။ ♦

*(ညီညွတ်ရေး မှ)*

*အခွင့်ပိုသာတာကို အမိအရယူပြီး တညီတညွတ်တည်းအားထုတ်ကြိုးပမ်းသင့်တယ်။ ပြည်ပမှာရှိတဲ့အဖွဲ့အစည်းတွေက ညီညွတ်မှုအင်အား နည်းပါးနေတယ်ဆိုတာ ကျမတို့သိနေကြားနေရတယ်။ ပြည်တွင်းဘဲဖြစ်ဖြစ်၊ ပြည်ပဘဲဖြစ်ဖြစ် ညီညွတ်မှုသာလျှင် ကိုယ်လိုချင်တဲ့ပန်းတိုင်ကိုရောက်မှာ။ ၁၉ နှစ်၊ အနှစ် ၂၀ ကြာတဲ့ထိအောင် ပြည်ပမှာ ဒီလိုမျိုးအတိုက်ခံအဖွဲ့အနေနဲ့ လှုပ်ရှားဆောင်ရွက်မှုဟာ အင်မတန်ကိုနှေးကွေးတယ်။ အဲ့ဒီအတွက် ကျမတို့လုံးဝအားမရဘူး။ ဒီလိုနှေးကွေးတဲ့အပြင် အခုလောလောဆယ်မှာ ကြားနေရတဲ့အနေအထားတွေက တဦးနဲ့တဦးညီညွတ်မှုတော်တော့်ကို နည်းနေတာပေါ့၊ ညီညွတ်မှုအင်အားတွေအများကြီးလိုသေးတယ်။ ဒီအတွင်းထဲမှာတော့ ခါးစည်းရင်စည်းပြီးတော့ ရာသီဥတုဆိုးဆိုးရွားရွား၊ ကြမ်းကြမ်းတမ်းတမ်း အေးတဲ့နေရာတွေမှာကို ဒုက္ခတွေခံနေရတဲ့အချိန်မှာ ပြည်ပမှာရှိနေတဲ့ အတိုက်ခံအင်အားစုတွေအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ကုလသမဂ္ဂကိုယ်စားလှယ်လာမယ် ဆိုရင်လဲ ဘယ်လမ်းကြောင်းကို သွားသင့်တယ်ဆိုတာမျိုး အများက စည်းစည်းလုံးလုံးနဲ့ တိုက်တွန်းပြီး တောင်းဆိုမယ်ဆိုလို့ရှိရင် ကျမတို့ အမြန်ဆုံးအောင်မြင်နိုင်တယ်။"*

# ဪ... နအဖ... နအဖ

☺ လာအို၊ ကမ္ဘောဒီးယားတို့ကဲ့သို့ တရားဝင်အလုပ်လုပ်ခွင့်ရရေးအတွက် ထိုင်းအစိုးရနှင့် နအဖစစ်အစိုးရတို့ လွန်ခဲ့သည့်သုံးနှစ်က သဘောတူထားခဲ့သော ယာယီပတ်စပို့စာအုပ် လုပ်ကိုင်ရေးအစီအစဉ်နှင့်ပတ်သက်၍ မြန်မာအစိုးရက ကော့သောင်း၊ မြဝတီနှင့် မယ်ဆိုင်စခန်းသုံးခုတွင် တနေ့လျှင် စခန်းတခု၌ ယာယီပတ်စပို့စာအုပ် (၂၀၀)စီ လုပ်ပေးမည်ဟုဆိုထားရာ ဝန်ထမ်းများတပတ်လုံး နားရက်မယူဘဲလုပ်လျှင်ပင် ထိုင်းနိုင်ငံရှိ မြန်မာအလုပ်သမားအားလုံးအတွက် ကိုးနှစ်ကျော်ကြာမည်ဖြစ်သည်။ ထို့ပြင် မြန်မာပြည်မှ အိမ်ထောင်စုစာရင်း၊ မှတ်ပုံတင် စသည်များပြန်လုပ်ပြီးမှ အလုပ်လုပ်ခွင့်ထုတ်ပေးမည်ဟုလည်း ဆိုနေသည်။

☺ နအဖ ထိပ်သီးအသိုင်းအဝိုင်းကို အမေရိကန်နိုင်ငံက ပြည်ဝင်ခွင့်ဗီဇာပိတ်ထားသော်လည်း စစ်အာဏာရှင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၎င်း၏သားမက် ဒုဗိုလ်မှူးကြီး ဒေါက်တာနေစိုးမောင် (ကထိက၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်) ကို အမေရိကန်ပြည်ထောင်စု ဟားဗာ့ဒ်တက္ကသိုလ်သို့ လိမ်လည်၍ ပညာတော်သင်စေလွှတ်ရန် စီစဉ်နေသည်။ နေစိုးမောင်သည် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏သမီး ကြည်ကြည်ရွှေ (ခေါ်) မသြ၏ ခင်ပွန်းဖြစ်ပြီး ဆိုးသွမ်းလူငယ် နေရွှေသွေးအောင် (ခ) ဖိုးလပြည့်၏ ဖခင်ဖြစ်သော်လည်း လိင်တူဆက်ဆံရေး အားသန်သူအဖြစ် အတိအလင်းဝန်ခံကြေညာထားသဖြင့် ဇနီးနှင့်အဆင်မပြေဖြစ်နေ၏။

☺ နအဖစစ်အစိုးရ ရောင်းချနေသော တခါသုံးဖုန်းကဒ်များမှာ မော်ဒယ်နိမ့်ဖုန်းအချို့တွင် ထည့်သွင်းသုံးစွဲမရဟု ဆို၏။

☺ နာဂစ်မုန်တိုင်း ကျရောက်မည့်အဖြစ်ကို မှန်ကန်စွာမခန့်မှန်းနိုင်ခဲ့သော နအဖ မိုးလေဝသညွှန်ချုပ် ဦးထွန်းလွင်က ဖေဖော်ဝါရီလအတွင်း တနာရီ မိုင်တရာကျော်တိုက်ခတ်နိုင်သည့် စိုက်ဆင်းလေပြင်းတခုဖြစ်ပေါ်နိုင်ကြောင်း ဖေဖော်ဝါရီ(၅)ရက်၌ ပြောခဲ့သည်ဟု ပြည်တွင်းသတင်းဂျာနယ်များတွင် ဖော်ပြခဲ့ရာ ယင်းသတင်းမမှန်ကန်ကြောင်း ဦးထွန်းလွင်က ဖေဖော်ဝါရီ (၁၇)ရက်၌ ငြင်းဆိုလိုက်ပြန်သည်။

☺ နအဖ ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နာဂစ်မုန်တိုင်းသင့်ဒေသရှိ ပြည်သူများ လေမုန်တိုင်း မတိုက်ခင်ကအခြေအနေကို ပြန်ရောက်ပြီဟု ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီကို ပြောလိုက်သည်။

☺ မန္တလေးတိုင်း မြင်းခြံမြို့နယ်ဆေးရုံကြီးမှ သားဖွားမီးယပ် အထူးကုဆရာဝန် ဒေါ်ခင်ယုယုဇော်သည် မွေးလူနာတိုင်းကို (ကျပ်လေးသိန်းကျော်ကုန်ကျသည့်) ဗိုက်ခွဲမွေးပေးနေသဖြင့် မတတ်နိုင်သူများ အခက်တွေ့နေရသည်။

☺ မကွေးတိုင်း ချောက်မြို့မှ ရေမီးရရှိရေး လက်မှတ်ထိုးလုပ်ရှားမှုသတင်းကို အာအက်ဖ်အေက ဖေဖော်ဝါရီ (၈)ရက် ညနေပိုင်းအစီအစဉ်တွင် ထုတ်လွှင့်ခဲ့ပြီးနောက် နအဖ ရာအိမ်မှူး ဆယ်အိမ်မှူးများက ၎င်းအသံလွှင့်ချက်တွင် ပါဝင်ပတ်သက်မှု မရှိကြောင်း ပြည်သူလူထုများကို လက်မှတ်လိုက်ထိုးခိုင်းနေ၏။

☺ ဟောင်ကောင်ကျွန်းဆိုင်ရာ နအဖကောင်စစ်ဝန် ဦးရဲမြင့်အောင်က *"ရိုဟင်ဂျာများ၏ အသားအရေမှာ ညိုမှောင်ပြီး ဘီလူးကဲ့သို့ရုပ်ဆိုးကာ မြန်မာတို့မှာမူ အသားလတ်၍ ချောမွေ့လှပသဖြင့်"* ရိုဟင်ဂျာမှာ မြန်မာတိုင်းရင်းသားမဟုတ်ကြောင်း သံတမန်များသို့ ဖေဖော်ဝါရီ (၁၂)ရက်၌ စာရေးအကြောင်းကြားလေ၏။

☺ ရန်ကုန်တိုင်း တယက က မြို့နယ်/ရပ်ကွက် မယက/ရယက၊ အရန်မီးသတ်၊ ကြံ့ဖွံ့၊ စွမ်းအားရှင်များအား ဖေဖော်ဝါရီ (၁၃)ရက်က ညွှန်ကြားချက်ထုတ်ပြန်ခဲ့ရာတွင် နအဖဆန့်ကျင်ရေးစာဖြန့်၊ ပိုစတာကပ်၊ ဆေးမှုတ်သူတဦး ဖမ်းမိလျှင် ဆုငွေ ကျပ်ငါးသောင်းပေးမည်ဖြစ်ပြီး ဆိုက်ကားဂိတ်များ၊ ဈေးသည်များအနီး ဆန့်ကျင်စာဖြန့်၊ ပိုစတာကပ်သွားပါက ဆိုက်ကားသိမ်း၊ ဈေးရောင်းခွင့်ပိတ် ပြစ်ဒဏ်ပေးမည်ဟု ဆို၏။

☺ ကရင်ပြည် မြဝတီမြို့နှင့်အနီးဆုံး ကေအဲန်ယူနယ်မြေမှာ မိုင်(၂၀)ခန့်ဝေးပြီး ထိုအကွာအဝေးကို ပစ်နိုင်သည့်လက်နက် ကေအဲန်ယူတွင် မရှိသည့်အပြင် မြို့ပတ်ဝန်းကျင်၌လည်း နအဖနှင့် ဒီကေဘီအေတပ်စခန်းများ ပြွတ်သိပ်ချထားသဖြင့် ပြောက်ကျားအဖွဲ့မှ သွားရောက်ပစ်ခတ်ရန် မဖြစ်နိုင်သော်လည်း မြဝတီမြို့ကို ကေအဲန်ယူတပ်များက ဖေဖော်ဝါရီ (၁၄)ရက်တွင် လက်နက်ကြီးဖြင့်ပစ်ခတ်သည်ဟု နအဖစစ်အုပ်စုက စွပ်စွဲခဲ့သည်။

☺ ဖေဖော်ဝါရီလလယ်ပိုင်းက မြန်မာနိုင်ငံထုတ်သတင်းဂျာနယ်များတွင် မြောက်ကိုးရီးယားအာဏာရှင် ကင်ဂျွန်အီး မွေးနေ့အထိမ်းအမှတ် ဂုဏ်ပြုချီးမြှောက်သည့်ကြော်ငြာများကို တမျက်နှာအပြည့် ထည့်သွင်းခဲ့ရသည်။

☺ ဂြိုလ်တုရုပ်မြင်သံကြားလိုင်းများသည် အမျိုးသားရေးကို ထိခိုက်ပျက်ယွင်းစေသဖြင့် တိုင်းသူပြည်သားများအနေဖြင့် ရှောင်ကြဉ်ကြရန် ဖေဖော်ဝါရီ (၁၇)ရက်ထုတ်နအဖသတင်းစာများတွင် သတိပေးထားသည်။

☺ ရန်ကုန်မြို့ရှိ အသုဘကားများကို ရေဝေးသုသာန်နှင့် အခြားသက်ဆိုင်ရာ ဘာသာဝင်သင်္ချိုင်းများတွင်သာ ညအိပ်ထားရှိရမည်ဟု ရန်ကုန်တိုင်း စည်ပင်သာယာရေးကော်မတီက ဖေဖော်ဝါရီ (၈)ရက်တွင် အမိန့်ထုတ်လိုက်သည်။

☺ တခါသုံး ဂျီအက်စ်အမ်ဖုန်း ဆင်းကဒ်များ ရောင်းချရာတွင် သတ်မှတ်ဈေးနှုန်းထက်ပိုရောင်းသော မိုဘိုင်းဖုန်းအရောင်းဆိုင်များကို ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန သို့မဟုတ် ရဲက အရေးမယူဘဲ စည်ပင်သာယာကအရေးယူနေသည်။ ခိုးကူးခွေများကိုလည်း ရဲကမဖမ်းဘဲ စည်ပင်သာယာကပင်နှိမ်နင်းမည်ဟု ကြေညာနေပြန်သည်။

☺ နအဖစစ်အစိုးရက ကုန်ကျစရိတ်ရှုံးသည့် တန်ဖိုးနိမ့်ငွေစက္ကူအသစ်ထပ်မထုတ်တော့သဖြင့် ရန်ကုန်မြို့အပါအဝင် မြန်မာတနိုင်ငံလုံးတွင် ပိုက်ဆံအကြွေရှားပါးမှုနှင့် ရင်ဆိုင်နေကြရကာ ငွေစက္ကူဟောင်းများကို တိပ်နှင့်ဖာထေး သုံးစွဲနေကြရသည်။

☺ ရန်ကုန်တိုင်း ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ်တွင် အမှတ် ၁-၂ ရပ်ကွက်ရယကဥက္ကဋ္ဌ ဦးနိုင်ဝင်းကို အရက်ဖိုး ကျပ်တသောင်းခန့်ပေးမှ ဘုန်းကြီးကျောင်းဆောက်ခွင့်၊ ပဋ္ဌာန်းပွဲလုပ်ခွင့်၊ အသံချဲ့စက်ဖွင့်ခွင့်ရသည်။

☺ မြန်မာရုပ်ရှင်များတွင် နိုင်ငံ့ဂုဏ်သိက္ခာကျနိုင်သည့် ဆင်းရဲသားဇာတ်ဝင်ခန်းများမရိုက်ရန် မြန်မာ့ရုပ်ရှင်လုပ်ငန်းက ဖေဖော်ဝါရီ (၂၅)ရက်တွင် တားမြစ်လိုက်သည်။

☺ ဖေဖော်ဝါရီလကုန်ပိုင်းက ရောဝတီတိုင်း ဘိုကလေးမြို့နယ် ညီနောင်ဒိုင်နယ်အပိုင်းတွင် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးလုပ်ငန်းအဖွဲ့ IDE မှ ပုလဲဓာတ်မြေသြဇာ အခမဲ့ဖြန့်ဝေပေးရာ ကျေးရွာအာဏာပိုင်များက လယ်သမားများထံမှ တအိတ်လျှင် ကျပ် ၅၀၀ နှင့် နှစ်အိတ်အတွက် ၁၀၀၀၊ ရယကပံ့ပိုးငွေ ကျပ် ၅၀၀၊ စုစုပေါင်း ၁၅၀၀ တောင်းနေသည်။

☺ ရောဝတီတိုင်း ဘိုကလေးမြို့တွင် မြို့နယ်ရဲတပ်ဖွဲ့နှင့် နယ်မြေခံအာဏာပိုင်များကို လာဘ်ထိုးထားသော လောင်းကစားဒိုင်များက နှစ်လုံးထီလောင်းကစားအလျော်အစားပုံစံကြေညာချက်များကို ဖေဖော်ဝါရီလကုန်၌ မြို့ပေါ်အနှံ့ ဖြောင်လိုက်ဝေနေရုံမက နေအိမ်ခြံစည်းရိုးများမှာလည်း လိုက်ကပ်ထားသည်။

☺ ဖေဖော်ဝါရီလကုန်၌ စက်မှု-၁ ဝန်ကြီး ဦးအောင်သောင်းက မိမိဝန်ကြီးဌာနရှိ "အန္တရာယ်ကင်းရေးဦးစားပေး" ဆောင်ပုဒ်များကို "အန္တရာယ်သတိပြု" ဆောင်ပုဒ်များနှင့် အစားထိုးခိုင်းခဲ့သည်။

☺ ဖေဖော်ဝါရီလကုန်ပိုင်းက ရခိုင်ပြည် ဘူးသီးတောင်နှင့် မောင်းတောမြို့နယ်များတွင် ပုလိပ်များထံမှ လမ်းလျှောက်စကားပြောစက်များကို နအဖ စစ်တပ်က လာဘ်ပေးလာဘ်ယူမှုတိုက်ဖျက်ရေး အကြောင်းပြကာ လိုက်လံသိမ်းယူခဲ့သည်။

♦

(ကျောဖုံး မင်းမဲ့ဝါဒ မှ)

☹ ဖေဖော်ဝါရီလဆန်းက ရခိုင်ပြည် မင်းပြားမြို့နယ်တွင် နအဖတပ် ခမရ ၃၀၉ က တိုက်ကုန်း၊ ဇီးခေါင်း၊ တုတ်ပင်နွယ်၊ စာရေးကြီးရွာလယ်သမားများထံမှ လယ်မြေ ၁၀၇ ဧကကိုသိမ်းယူခဲ့ပြီးနောက် မူလလယ်ပိုင်ရှင်များသို့ တဧကလျှင် စပါး(၈)တင်းနှုံးဖြင့် ပြန်လည်အငှားချနေသည်။

☹ မန္တလေးတိုင်း ရမည်းသင်းအရှေ့ဘက် ရွှေမော်မှ ရွှေလုပ်သားများကို ဖေဖော်ဝါရီ (၄)ရက်မှစ၍ ရဲတပ်ဖွဲ့က မောင်းထုတ်နေပြီး တဲအိမ်များကို မီးရှို့ပစ်လိုက်သဖြင့် အလုပ်သမားထောင်ချီ၍ ဒုက္ခရောက်နေသည်။ အလုပ်သမားများမှာ သတ္တုတွင်းဝန်ကြီးဌာနအား လေလံကြေးပေးထားသည့် မြန်မာစိုးမိုး၊ တစ်သုံးလုံး စသည့်ကုမ္ပဏီများကို ခိုင်ကြေးပေးလုပ်နေခြင်းဖြစ်သော်လည်း နအဖဉက္ကဋ္ဌမိသားစုက ယင်းရွှေလုပ်ကွက်များကို လိုချင်သဖြင့် ယခုလို မောင်းထုတ်ခြင်းဖြစ်သည်ဟု ကြားသိရသည်။

☹ ဖေဖော်ဝါရီ (၅)ရက်မနက်က ပဲခူးတိုင်း တောင်ငူမြို့ မီးရထားတိုင်းရုံးရှေ့ မြောင်းထဲတွင် စည်ပင်သာယာက အမှိုက်မီးရှို့ချိန်၌ ပြင်းထန်သည့်ပေါက်ကွဲမှုတခု ဖြစ်ခဲ့သည်။

☹ ဖေဖော်ဝါရီ (၆)ရက်ညက ကရင်ပြည် တောင်ငူခရိုင်တွင် တိပ်ပုရွာတပ်စခန်းထိုင် နအဖတပ် က တိပ်ပုရွာထဲသို့ လက်နက်ကြီးနှင့် အကြောင်းမဲ့ပစ်ခတ်သဖြင့် တိပ်ပုရွာသူများဖြစ်သည့် နော်ဘွေဖော (၁၈ နှစ်)၊ နော်ခိုးခိုး (၁၄ နှစ်) နှင့် မိတဆိုး နော်ဒေးမူးဆိ (၁ နှစ်) တို့အပြင် အလည်ရောက်နေသူ ဖလောဘောဒဲရွာသူ နော်ဟဲခလေး (၂၂ နှစ်)နှင့် ဇရပ်ကြီးမှလာသည့်ဈေးသည် မောင်မင်းထင် (၃၀ နှစ်) တို့(၅)ဦး လက်နက်ကြီးအစထိမှန် ဒဏ်ရာရသွားခဲ့သည်။

☹ ဖေဖော်ဝါရီ (၇)ရက်ညက ရခိုင်ပြည် ဘူးသီးတောင်မြို့တွင် ရခိုင့်ရိုးရာရထားဆွဲပွဲကျင်းပနေစဉ် နအဖတပ် ခလရ ၃၄ မှစစ်သားများက ကခြေသည်မိန်းကလေးများကို ဂဲနှင့်ပစ်ပေါက်သဖြင့် ရခိုင်လူငယ်များနှင့် ရန်းရင်းဆံခတ်ဖြစ်ခဲ့သည်။

☹ ကေအိုင်အိုငြိမ်းချမ်းရေးအဖွဲ့ ထိန်းချုပ်ရာ လောင်းကစားဝိုင်းများစည်ကားသော ကချင်ပြည် မိုင်ဂျာယန်မြို့ကို တရုတ်ပြည်ဘက်မှပေးထားသည့် လျှပ်စစ်မီးနှင့် တယ်လီဖုန်းလိုင်းများ ဖြတ်တောက်လိုက်သဖြင့် ဖေဖော်ဝါရီ (၉)ရက်နှင့် (၁၀)ရက်များတွင် လောင်းကစားလုပ်ငန်းလုပ်ကိုင် စီးပွားရှာနေသည့် တရုတ်လူမျိုး (၆၀၀၀)ခန့် ပြန်လည်ထွက်ခွာသွားကြသည်။ ဇန်နဝါရီလကုန်ပိုင်းက လောင်းကစားဒိုင်များမှ ငွေချေးပြီး မဆပ်နိုင်သူများကို ဖမ်းထားသည်ဟု သတင်းများထွက်ခဲ့ပြီးနောက် ယခုလို လျှပ်စစ်မီးနှင့်ဖုန်းလိုင်းများ ဖြတ်တောက်လိုက်ခြင်းဖြစ်သည်။

☹ ဖေဖော်ဝါရီ (၁၀)ရက်က ရှမ်းပြည်မြောက်ပိုင်း ကွတ်ခိုင်နှင့် နန့်ဖတ်ကာကြား မန္တလေး-မူဆယ်ကားလမ်းကြီးပေါ် တွင် ကား(၁၀)စီးကို လက်နက်ကိုင်တစုက တပြိုင်တည်း ဓားပြတိုက်သွားပြီး မောင်းပြေးသည့်ကားတစီးကိုလည်း ပစ်ခတ်မီးရှို့ပစ်လိုက်သည်။

☹ ဖေဖော်ဝါရီ (၁၀)ရက်က မွန်ပြည် မြို့နယ်အသီးသီးတွင် ကျင်းပမည့် (၆၂)ကြိမ်မြောက်မွန်အမျိုးသားနေ့ အခမ်းအနားတွင်ဖတ်ကြားမည့် သဘာပတိမိန့်ခွန်းနှင့် မွန်စာပေဆိုင်ရာစာတမ်းတို့မှ စာပိုဒ်တပိုဒ်စီကို မဖတ်ကြားရန် နအဖအာဏာပိုင်တို့က ပိတ်ပင်ခဲ့ပြီးနောက် ပိတ်ပင်မှုကို သိရှိလက်ခံကြောင်း ခံဝန်လက်မှတ်များ ထိုးခဲ့ရသည်။ ထို့ပြင် မွန်အမျိုးသားနေ့အခမ်းအနားကို မွန်ပြည်နယ်မှာသာ လုပ်ခွင့်ပြုပြီး ရန်ကုန်မြို့တွင် လုပ်ခွင့်မပေးခဲ့။

☹ ကရင်ပြည် မြဝတီမြို့နယ်အတွင်း ထိုင်းနယ်စပ်အနီးရှိ တအိုးထကျေးရွာကို ဒီကေဘီအေ ၉၉၉ တပ်ရင်းက ဖေဖော်ဝါရီလ (၁၁)ရက်နေ့က ဝင်ရောက် မီးရှို့ဖျက်ဆီးလိုက်သည်။

☹ ၂၀၀၃ ခုမှစ၍ နေအိမ်အကျယ်ချုပ်ချခံရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒု-ဉက္ကဋ္ဌ ဦးတင်ဦးကို ဖေဖော်ဝါရီ (၁၂)ရက်တွင် အာဏာပိုင်တို့က အကျယ်ချုပ်သက်တမ်း တနှစ်ထပ်တိုးလိုက်သည်။

☹ နီပေါနိုင်ငံရှိ ဗုဒ္ဓဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ်အတွင်းမှ မြန်မာဘုန်းကြီးကျောင်းသို့ မြန်မာနိုင်ငံမှလာသည့် ဘုရားဖူးများ လှူဒါန်းသောအလှူငွေများကို နီပေါနိုင်ငံဆိုင်ရာမြန်မာသံရုံး ဘဏ်စာရင်းထဲ ပုံမှန်ထည့်ပေးနေရသည်။ ကျောင်းထိုင်ဆရာတော်နှင့် လက်ထောက်ကျောင်းထိုင်ဆရာတော်တို့ကို ၁ လလျှင် အမေရိကန်ဒေါ်လာ ၁၅၀ စီ ခံစားခွင့် ပေးထားပြီး သာသနာရေးဌာနမှ ငွေသိမ်းဝန်ထမ်းကို တလ အမေရိကန် ဒေါ်လာ ၁၂၀ ပေးထားသည်။ ယခင်လကလည်း ရွှေတိဂုံဘုရားအလှူငွေများကို ဘာသာခြားသူဌေးတဦးသို့ ကန်ထရိုက်ပေးသည့်သတင်း ပေါ်ထွက်ခဲ့ဖူးသည်။

☹ ဖေဖော်ဝါရီ (၁၇)ရက်က ကချင်ပြည် မြစ်ကြီးနားမြို့ ယုဇနရပ်ကွက်တွင် အင်တာနက်ဆိုင်မှပြန်လာသော ကချင်လူငယ် (၂)ဦးကို တားမြစ်ထားသော ဝက်ဘ်ဆိုက်များ ကြည့်သည်ဆိုပြီး ပုလိပ်ကဖမ်းလိုက်သည်။

☹ ရန်ကုန် သဃ်န်ကျွန်းမြို့နယ် ရပ်ကွက်ဆွမ်းလောင်းအသင်းနှင့် ဓမ္မာရုံတွင် ရယက ဉက္ကဋ္ဌများနှင့် ကြံ့ဖွတ်စည်းရုံးရေးမှူးများ ဇွတ်အတင်းနေရာယူနေကြသဖြင့် ရပ်ကွက်သူရပ်ကွက်သားများ မကျေမနပ်ဖြစ်နေသည်။ ဆွမ်းလောင်းအသင်း အလှူငွေစာရင်းများ၊ အသုံးစာရင်းများကို ရယကရုံးများသို့ လစဉ်တင်ပြကြရသည့်အပြင် အလှူငွေများကိုလည်း စစ်မှုထမ်းဟောင်းများ၊ အစိုးရဝန်ထမ်းဟောင်းများနှင့် ဖွဲ့စည်းထားသည့် မြို့နယ်ဥပါသကအဖွဲ့များအား ပေးအပ်နေရသည်။

☹ ဧရာဝတီတိုင်း အိမ်မဲမြို့နယ် ကြက်ခတ်ခွပ်ကျေးရွာတွင် ကုမ္ပဏီတခုက ပခုက္ကူမြို့ထုတ် အရည်အသွေးနိမ့် ရွှေသီးနှံအမည်ရှိ ဓာတ်မြေဩဇာများကို လယ်သမားများအား အထွက်မတိုးလျှင် ကျသင့်ငွေပေးရန်မလိုဟု အာမခံဖြင့် အကြွေးရောင်းချခဲ့ပြီးနောက် လက်တွေ့စပါးအထွက်နှုန်း ဆိုးဆိုးရွားရွားကျဆင်းခဲ့သော်လည်း ဖေဖော်ဝါရီလလယ်ပိုင်းတွင် ၎င်းကုမ္ပဏီက မယကနှင့်ပေါင်း၍ လယ်သမားများကို တရားစွဲပြီး မြေဩဇာဖိုးများ အတင်းအကျပ်တောင်းခံနေသည်။

☹ ဖေဖော်ဝါရီလလယ်က ချင်းပြည် ထန်တလန်မြို့နယ်မှ ရွေးကောက်ခံတသီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမူထန်သည် နအဖစစ်အစိုးရနှင့်ပူးပေါင်း၍ ဟားခါးမှ ကလေး-ဂန့်ဂေါလမ်းပေါ်ရှိ မုန်တောရွာသို့ လမ်းဟောင်းပြန်လည်ဖောက်လုပ်မှုကို ဦးဆောင်ကာ ချင်းလူထုကို အဓမ္မလုပ်အားပေးခိုင်းနေသည်။ နိုင်ငံခြားရောက် ဟားခါးနှင့် ထန်တလန်နယ်သား လူငယ်များထံမှလည်း လမ်းအတွက်ငွေ သိန်း ၆၂၀ ထည့်ရန်လည်း ၎င်းတို့မိဘများမှတဆင့် ဖိအားပေးနေသည်။

☹ ရှမ်းပြည်အရှေ့ပိုင်းရှိ အထူးဒေသ-၄ ငြိမ်းချမ်းရေးအဖွဲ့မြို့တော် မိုင်းလားတွင် နအဖစစ်အုပ်စုက ဒွိနာဂရ စေတီလာရောက်တည်ဆောက်ပြီးချိန်မှစ၍ အထူးဒေသ-၄ ၏ စီးပွားရေးကျဆင်းခဲ့သဖြင့် နအဖက အောက်လမ်းပညာရပ်များဖြင့် စီရင်ပြီး ဘုရားတည်ခြင်းကြောင့်ဖြစ်ရသည်ဟု ဒေသခံများက ယုံကြည်နေကြသည်။ ဝ ငြိမ်းချမ်းရေးအဖွဲ့နယ်မြေတွင်လည်း ၁၉၉၀ ခုနှစ်များအလယ်၌ နအဖမှ ပေးပို့လှူဒါန်းလာသော ဗုဒ္ဓရုပ်ပွားတော်ကြီးတဆူကို ဝ တပ်မှူးတဦးက အိပ်မက်မကောင်း၍ ရိုက်ခွဲပစ်ခဲ့ရာ အတွင်းမှ ထမီစုတ် လက်နှီးနှင့် အခြားအမှိုက်သရိုက်များ ထွက်လာခဲ့ဖူးသည်။

☹ ပဲခူးတိုင်း ဒိုက်ဦးမြို့နယ် ကျောက်တံခါးကျေးရွာအပိုင် ဘိုင်းဒါးရေလှောင်တမံအနီးတွင် ဖေဖော်ဝါရီ (၂၂)ရက်နေ့ မနက်က သစ်တောအာဏာပိုင်များက တရားမဝင်သစ်ဝါးများ ခိုးခုတ်သည်ဟု စွပ်စွဲကာ လယ်သမားများ၏ နွား ၂၄ ကောင်နှင့် လှည်း ၄၆ စီးကို သေနတ်များပစ်ဖောက်၍ သိမ်းဆည်းလိုက်သည်။

☹ ဧရာဝတီတိုင်း ဟင်္သာတမြို့တွင် ရန်ကုန် ရွှေပြည်သာမြို့နယ်မှ မေတ္တာရှင် အရှင်ဇဝန၏ ထောင်တွင်းတရားပွဲတခုကို အာဏာပိုင်တို့က ပထမ၌ ခွင့်ပြုခဲ့ပြီးမှ ဖေဖော်ဝါရီ (၂၆)ရက်တွင် တားမြစ်လိုက်သည်။

☹ ဖေဖော်ဝါရီ (၂၈)ရက်ညက ရန်ကုန်တိုင်း တောင်ဒဂုံမြို့သစ် ရပ်ကွက်အမှတ် ၇၀ တွင် အိမ်ပြန်လာသည့် ကားစပယ်ယာ ကိုလင်းလင်းထွန်းက မိမိကို လိုက်ကိုက်သည့်ခွေးအား ခဲနှင့်ခြောက်လှန့်ပစ်ခတ်ရာ ကင်းတဲအောက်မှပုံးကို ထိမှန်သဖြင့် ကင်းတဲပေါ်အိပ်ပျော်နေသော ညစောင့် (၅)ယောက်နိုးလာပြီး အိပ်ရေးပျက်အောင် နှောက်ယှက်သည်ဆိုကာ ဝိုင်းရိုက်သောကြောင့် ကိုလင်းလင်းထွန်း ညာလက်ကျိုး၊ နံရိုးတချောင်းနိမ့်၊ ကျောမှာလည်း ဒဏ်ရာရ၊ ဆေးရုံတင်လိုက်ရသည်။ ♦

N C G U B

ပြည်ထောင်စုမြန်မာနိုင်ငံ
အမျိုးသားညွှန့်ပေါင်းအစိုးရ
မှ ထုတ်ဝေသည်။

ဒီမိုကရေစီ လူ့အခွင့်အရေး ဖက်ဒရယ်

NCGUB
77 South Washington Street
Suite 308
Rockville, Maryland 20850
USA
Tel: (301) 424-4810
Fax: (301) 424-4812
E-mail: ncgub@ncgub.net

www.ncgub.net

www.campaignfordemocracy.net





☹ မြန်မာနိုင်ငံတွင် ဆေးတက္ကသိုလ်နောက်ဆုံးနှစ် အပိုင်း(ခ) အောင်မြင်ပြီးလျှင် သက်ဆိုင်ရာဆေးရုံများတွင် အလုပ်သင်ဆရာဝန်အဖြစ် တနှစ်တာဝန်ထမ်းဆောင် ဆက်လက်သင်ကြားလေ့လာပြီး သက်ဆိုင်ရာပါမောက္ခများ ကျေနပ်မှုရှိမှ ဘွဲ့နှင်းသဘင်တက်ရောက်နိုင်သော်လည်း ဒုဝန်ကြီး ဒေါက်တာပိုင်စိုး၏သား သက်စိုးပိုင်နှင့် အပေါင်းအပါ (၇)ဦးမှာမူ အလုပ်သင်ဆရာဝန်ကာလ (၆)လခန့် ပျက်ကွက်ခဲ့ပြီးနောက် ဒုဝန်ကြီးဒေါက်တာပိုင်စိုးက သက်ဆိုင်ရာပါမောက္ခများကို အာဏာပြဟိန်းဟောက် ခြိမ်းခြောက်သဖြင့် ၎င်း၏သားအဖွဲ့များ ဆေးတက္ကသိုလ်(၁) ၏ (၄၅)ကြိမ်မြောက်ဘွဲ့နှင်းသဘင် တက်ရောက်နိုင်ခဲ့သည်။

☹ ဟသ်ာတထောင်တွင် အကျဉ်းကျနေသည့် ရွှေဝါရောင်တော်လှန်ရေး ဦးဆောင်ဆရာတော် ဦးကေလာသ (တောင်ဥက္ကလာ ငွေကြာယံကျောင်းတိုက်)သည် ထောင်တွင်း၌ အကျဉ်းထောင်ဝတ်စုံကို ဝိနည်းနှင့်အညီ သင်းပိုင်သဖွယ်ဝတ်ဆင်ခဲ့သဖြင့် ဇန်နဝါရီလ (၂၈)ရက်နေ့က အကျဉ်းဦးစီးညွှန်ကြားရေးမှူး ဦးတင့်ထွန်းကိုယ်တိုင် ဆရာတော်၏ရင်ဝကို စစ်ဖိနပ်နှင့် ကန်ကျောက်ကာ အချက်(၂၀)ခန့် ရိုက်ခဲ့သည်။

☹ ရန်ကုန်မြို့တွင် ရောင်းချနေသော ပန်းသီး၊ စပျစ်သီး၊ လိမ္မော်သီး၊ သဘော်သီး၊ ပန်းသစ်တော်သီး၊ ဇီးသီးနှင့် ချယ်ရီသီး ဟူသည့် သီးနှံ(၇)မျိုးတွင် ပိတ်ပင်ထားသည့် အန္တရာယ်ရှိ မလာသီယွန်ပိုးသတ်ဆေးဓာတုပစ္စည်း တွေ့ရှိကြောင်း အောက်မြန်မာပြည်ဆေးသုတေသနဌာနက ဖေဖော်ဝါရီလဆန်း၌ ကြေညာသည်။

(စာမျက်နှာ ၉ သို့)

# မြန်မာပြည်က ကလေးများ ဘဝ

ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်) က ၂၀၀၉ ခုနှစ် ကမ္ဘာ့ကလေးများအခြေအနေ အစီရင်ခံစာကို ဇန်နဝါရီ (၁၅)ရက်က ထုတ်ပြန်လိုက်ရာ ၂၀၀၇ ခုနှစ်အတွက် ငါးနှစ်အောက်ကလေးသေနှုန်းတွင် မြန်မာနိုင်ငံက နိုင်ငံပေါင်း (၁၇၉)နိုင်ငံအနက် အဆင့် ၃၆ ရပြီး ကလေးသေနှုန်း ၁၀၃ ယောက်ရှိသည်။ နအဖစစ်အစိုးရက ထောင်စုနှစ်ရည်မှန်းချက်အဖြစ် ၂၀၁၅ ခုတွင် ကလေးသေနှုန်း ၄၃ ယောက်ဖြစ်စေရမည်ဟု ဆိုထားပြီး ၁၉၉၀ ခုနှစ်က သေနှုန်း ၁၃၀ ရှိခဲ့သည်။ ကလေးသေနှုန်းအနည်းဆုံးနိုင်ငံများမှာ ဆွီဒင်၊ စင်္ကာပူ၊ အိုက်စလင်နိုင်ငံများဖြစ်ပြီး တနှစ်လျှင် ၃ ယောက်နှုန်း၊ ကလေးသေနှုန်းအများဆုံးနိုင်ငံများမှာ အဆင့် ၁ ဆီယာရာလီယွန် ၂၆၂ ယောက်၊ အဆင့် ၂ အာဖဂန်နစ္စတန် ၂၅၇ ယောက်၊ အဆင့် ၃ ချက်ဒ် ၂၀၉ ယောက် တို့ဖြစ်သည်။ ♦

# ဘိန်းနှင့်ဗမာ




၂၀၀၈ ခုနှစ်အတွက် မြန်မာနိုင်ငံ၏ ဘိန်းစိုက်ဧရိယာမှာ ၂၈၅၀၀ ဟက်တာရှိပြီး ၂၀၀၆ ခုနှစ်ကထက် ၃၃ ရာခိုင်နှုန်း၊ ၂၀၀၇ ခုနှစ်ကထက် ၃ ရာခိုင်နှုန်း တိုးမြင့်ခဲ့သည်ဟု ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်ရာဇဝတ်မှုရုံး UNODC က ဖေဖော်ဝါရီ (၂)ရက်၌ နှစ်ပတ်လည်အစီရင်ခံစာ ထုတ်ပြန်လိုက်သည်။

အရှေ့တောင်အာရှမှထွက်သည့် ဘိန်းအားလုံး၏ ၉၆% မှာ မြန်မာနိုင်ငံက ထုတ်လုပ်ခြင်းဖြစ်ပြီး မြန်မာသည် ကမ္ဘာပေါ်တွင် ဘိန်းထွက်ရှိမှု ဒုတိယ အများဆုံးနိုင်ငံဖြစ်ကြောင်း UNODC အစီရင်ခံစာက ဆိုသည်။ ♦

# လူသတ်ယန္တရား THE KILLING MACHINE

☠ ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် ငွေးကုန်းကျေးရွာအုပ်စုတွင် မူလတန်းလွန်ကျောင်း ဆောက်ရန် အစိုးရက ငွေချပေးခဲ့သော်လည်း ကျေးရွာရယက ဥက္ကဋ္ဌနှင့် ကျောင်းကော်မတီ ပူးပေါင်းပြီး ရွာလူထုကို တအိမ်ကျပ်သုံးသောင်း ကောက်ခံ၍ ငွေမထည့်နိုင်သူများကို လုပ်အားပေးခိုင်းစေရာ ဖေဖော်ဝါရီ (၃)ရက်နေ့က မောင်မင်းဦး (၃၀ နှစ်) နှင့် မောင်မြင့်အောင်(၂၂ နှစ်)တို့ညီအစ်ကိုနှစ်ဦး ကျောက်စရစ်တူးနေစဉ် ကျင်းပိ သေဆုံးသွားသည်။

☠ ဖေဖော်ဝါရီ (၆)ရက်က တနင်္သာရီတိုင်း ရေဖြူမြို့နယ် ကျိုက်ဒေးမင်းလော့တောင်ပေါ်တွင် နအဖတပ် ခလရ ၃၁ မှတပ်သားတဦး မိုင်းနင်းမိပြီးနောက် ပတ်ဝန်းကျင်ရော်ဘာခြံထဲ အလုပ်လုပ်နေသည့် ပေါက်ပင်ကွင်းရွာသား မွန်လူငယ်(၂)ဦးကို မွန်သူပုန်ဟုစွပ်စွဲကာ သတ်ပစ်လိုက်သည်။

☠ ပဲခူးတိုင်း ဒိုက်ဦးမြို့နယ် သပြေတန်းကျေးရွာအုပ်စု ကျောက်တလုံးကျေးရွာတွင် ကျေးရွာရယက အဖွဲ့အတွင်းရေးမှူး ဦးအောင်သူနှင့် ကျောင်းဆရာ ဦးအောင်ထွန်းတို့ပေါင်းပြီး ကျေးရွာတွဲဘက်မူလတန်းကျောင်း ဆောက်လုပ်ရေးအတွက် ဒေသခံများကို အဓမ္မလုပ်အားပေးခိုင်းစေရာ ဖေဖော်ဝါရီ (၆)ရက်က ရှမ်း-ကရင်ကပြား ဦးဆားလူး (အသက် ၅၀ ကျော်)မှာ မြေတွင်းပြို သေဆုံးသွားခဲ့သည်။ ကျောင်းဆောက်ရန် အစိုးရက မူလငွေ ကျပ် ၅၆ သိန်းချပေးရာ ငွေထုတ်ခွင့်ရရန် မြို့နယ်ပညာရေးမှူးနှင့် အခြားသက်ဆိုင်ရာများကို ၆ သိန်းပေးကမ်းရသဖြင့် ကျောင်းဆရာလက်ထဲ သိန်း(၅၀)သာ ကျန်တော့၍ လိုအပ်သည့်စရိတ်ကို တအိမ် ငွေ ၇ သောင်းမှ တသိန်း ခွဲတမ်းချကောက်ခံပြီး မတတ်နိုင်သည့်အိမ်များကို လုပ်အားပေးခိုင်းခြင်းဖြစ်သည်။

(စာမျက်နှာ ၇ သို့)